မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၉၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့သို့ ရောက်ရှိလာရာ ကြိုဆိုသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့်ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတားပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့်ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတားပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ကိုလိုနီလက်သစ် နိုင်ငံကြီးအချို့နှင့် ကျင့်ဝတ်သိက္ခာ မထိန်းသိမ်းသော နိုင်ငံခြားမီဒီယာများ နိုင်ငံတော်အစိုးရသိက္ခာကျဆင်းအောင်၊ ပြည်ထောင်စုကြီးပျက်စီးသွားအောင် ရည်ရွယ်ပြီး မမှန်မကန်စွပ်စွဲ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြပြီး ရုပ်သေးအစိုးရပုံစံမျိုးထူထောင်နိုင်ရေး လုပ်ကြံလှုံ့ဆော်

မိမိနိုင်ငံ၊ မိမိလူမျိုးတို့နှင့် ဆီလျော်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး ကိုယ်ပိုင်မူဝါဒလုပ်ငန်းစဉ်(၇)ရပ် အတိအလင်းချမှတ်၍ အဆင့်မှန်၊ စေတနာမှန်ဖြင့် အကောင်အထည်ဖော်နေ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စုစိတ်ဓာတ်နှလုံးသွင်းပြီး ဝိုင်းဝန်းကြိုးစား

နေပြည်တော် ဇူလိုင် ၂၆

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မြို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။

လားရှိုးလေဆိပ်၌ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လားရှိုးလေဆိပ်တွင် ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၇ရက်)

ဒေသစီးပွားတိုးတက်ဖွံ့ဖြိုးစေရန် တိုးချဲ့စိုက်ပျိုးမွေးမြူ

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အဓိကအားထားရသည့် တိုင်းများဖြစ်သည်။

ပဲခူးတိုင်း (အနောက်ပိုင်း)၌ ၂၀၀၅-၂၀၀၆ခုနှစ်တွင် အဓိကသီးနှံ ၁၀မျိုးအနက် သီးနှံ ရှစ်မျိုး ပန်းတိုင်အထွက်နှုန်းရရှိခဲ့ပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် သီးနှံအားလုံးပန်းတိုင်အထွက်နှုန်း ရရှိရန် လျာထားဆောင်ရွက်နေသည်။

၂၀၀၅-၂၀၀၆ ခုနှစ်တွင် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် ဧက၃၆၀၀၀ လျာထားရာ ဧက၂၁၀၀၀ စိုက်ပျိုးပြီးဖြစ်၍ ရာသီကုန်တွင် သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်သည်။

ပဲခူးတိုင်း (အနောက်ပိုင်း)တွင် ၂၀၀၅-၂၀၀၆ခုနှစ်၌ သုံးသီးစိုက်ဧက သုံးသောင်း ခုနစ်ထောင်ကျော် စိုက်ပျိုးနိုင်ပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧကခုနစ်သောင်းကျော် တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သည်။

ယခုနှစ် ပဲခူးတိုင်းတွင် မိုးစပါးဧကသိန်း၃၀ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းလျက်ရှိရာ နိုင်ငံတော်က လိုအပ်သည့် ပံ့ပိုးမှုများ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်က စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံတောင်သူများအနေဖြင့်လည်း မိမိအကျိုးနှင့် တိုင်းပြည်အကျိုး ရှေးရှု၍ တက်ညီလက်ညီ ကြိုးပမ်းစိုက်ပျိုးသွားကြရမည် ဖြစ်ပေသည်။

ဒေသဆိုင်ရာ တာဝန်ရှိသူများသည် နိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုနေသည့် အဓိကသီးနှံ၁၀မျိုး၊ နှစ်ရှည်သီးနှံသုံးမျိုး၊ အမယ်သစ် သီးနှံသုံးမျိုးနှင့် ဒီဇယ်ဆီအစားထိုး အသုံးပြုနိုင်သည့် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတို့အား စီမံချက်နှင့်အညီ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကို ကြပ်မတ်ဆောင်ရွက်ကြရန် လိုပေသည်။

တောင်သူလယ်သမားများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်း မျိုးသန့် ပြောင်းလဲအသုံးပြုရန်၊ ဓာတ်မြေဩဇာ ပြည့်ဝစွာ အသုံးပြုရန်၊ သီးနှံရောဂါပိုးမွှား နှိမ်နင်းရေး ထိရောက်စွာ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနည်းပညာရပ်များကို သုံးသပ်ဆောင်ရွက်ရန် ဟူသော နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ပြီး စိုက်ဧကများတိုးချဲ့ခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးခြင်းများဆောင်ရွက်၍ လူတစ်ဦးချင်းဝင်ငွေတိုးတက်စေရန်နှင့် ဒေသစီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန် သီးနှံစုံ တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သကဲ့သို့ မွေးမြူရေးကဏ္ဍတွင်လည်း အင်တိုက်အားတိုက် တိုးချဲ့မွေးမြူသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရည်မှန်းချက်တာဝန်များ အောင်မြင်ရေး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ရက် နံနက်၉နာရီခွဲက ကျိုင်းတုံမြို့နယ် စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးအရာရှိများ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်း အမှာစကား ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၅ ရက်က သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယာဉ်သွားလာမှု အဆင်ပြေရေး လမ်းပြုပြင်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီခွဲ က ကျောက်တံတားမြို့နယ်ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းဆုံသို့ရောက်ရှိပြီး ကုန်သည်လမ်းမကြီးတစ်လျှောက် ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်နေမှုအခြေအနေ၊ ဒေါပုံမြို့နယ် ယမုံနာလမ်းနှင့် မင်းနန္ဒာလမ်းဆုံအနီး မင်းနန္ဒာလမ်းတစ်လျှောက် ကွန်ကရစ်ကတ္တရာဖြင့် လမ်းသားပြုပြင် ဖာထေးနေမှု၊ သဃ်ၤန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီးနှင့် သံသုမာလမ်းဆုံအနီး လေးထောင့်ကန်လမ်း ၀/ ယာ ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းသားပြုပြင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၇-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၀၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၁၅ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၉)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ **"ကုသိုလ်ကောင်းမှု ပေါင်းစုပြုရာ ပစ္စည်းလေးပါးဒကာ"**
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၂၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၅ Music Gallery (ပိုးအိစံ-အချစ်ဆုံးပေးတဲ့ လွမ်းသူ့စာချွေ)
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ ယနေ့သိပ္ပံနှင့် နည်းပညာ
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၃၅ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညို
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (၂၀၀၆)
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ ITနည်းပညာနှင့် နက္ခတ်ဗေဒပညာ ပူးပေါင်း ဆောင်ရွက်မှုအကြောင်း ဟောပြောချက် (အပိုင်း-၂)
- ၉:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၀ Say it in English
- ၁၀:၁၅ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ (အပိုင်း-၂)
- ၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ Video Magazine
- ၁၁:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၁၅ အာဟာရနှင့် ကျန်းမာရေး (ကျောက်ဘီလူးတင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
- ၁၁:၅၀ တေးဂီတအစီအစဉ်
- ၁၁:၅၅ အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ကောင်းစျာန်သစ်)
- ၁၂:၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မူးယစ် ကင်းစင် အလှဆင်

ဇူလိုင် ၂၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး **Colonel, Shim Jae-Koo** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး)(သတင်းစဉ်)

ဇူလိုင် ၂၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Lae Nae Chan အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး)(သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်များသို့ ကွင်းဆင်း၍ လူမှုရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့သည် တိုင်းကြီးကြပ်ရေးအဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင်၂၀ ရက် မွန်းလွဲပိုင်းတွင် လပွတ္တာမြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိ၍ ပရဆေးပျိုးဥယျာဉ်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအားတွေ့ဆုံသည်။ တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရည်ရွယ်ချက် နှင့် ညွှန်ကြားချက်များ၊ တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏ညွှန်ကြားချက်များအပေါ် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ သုခိတာရာမ ပရဟိတဘုန်းတော်ကြီးသင်ပညာသင်ကျောင်းသို့ဝင်ရောက်၍ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိနယအားဖူးမြော်ကြည်ညိုကာပရဟိတတွင် သင်ကြားနေသော မူလတန်းကျောင်းသား ကျောင်းသူ ၂၀၀ ကျော်တို့အတွက်ဆန်၁၀ အိတ်၊ ငွေကျပ်တစ်သိန်းနှင့် ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက မြောင်းမြမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဖူးမြော်ကြည်ညို

ထို့နောက် တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ စိတ္တသုခ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တ ဓမ္မနန္ဒအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော် ငါးအိတ်၊ ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ မြောင်းမြခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းက ဆန်ငါးအိတ်နှင့် အလှူငွေကျပ် တစ်သိန်းကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် အိမ်မဲမြို့ ရေသိုးညောင်ဝိုင်းကျေးရွာ ဇီးချောင်းအောင်သိပ္ပံစာသင်တိုက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတသို့ရောက်ရှိပြီး ကျောင်းသား ၅၉ ဦးတို့အတွက် ဆန်နှင့် ကျောင်းသုံး ဗလာစာအုပ်များပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် အိမ်မဲမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရွှေပြည်တန်ခန်းမ၌ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံ၍ အသင်း၏ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရုံးဝင်းအတွင်း ပရဆေးပျိုးဥယျာဉ်တွင် စိုက်ပျိုးထား ရှိသည့် ဒေသပေါက် ဆေးဖက်ဝင်အပင်များ ရှင်သန် ဖြစ်ထွန်းမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၂၆ ရက်၌ မိုးရွာသွန်းလေသမျှ

သံတွဲ	၃ ဒသမ ၇၄ လက်မ
မိုးကုတ်	၃ ဒသမ ၂၂ လက်မ
မော်လမြိုင်	၃ ဒသမ ၀၃ လက်မ
ဝမြို့	၂ ဒသမ ၉၉ လက်မ
စစ်တွေ	၂ ဒသမ ၈၃ လက်မ
မကွေး	၂ ဒသမ ၆၄ လက်မ
ရွှေဘို	၂ ဒသမ ၄၈ လက်မ
ကသာ	၂ ဒသမ ၂၀ လက်မ
ကျောက်ပန်းတောင်း	၂ ဒသမ ၁၅ လက်မ
မင်းဘူး	၂ ဒသမ ၀၅ လက်မ
တံတားဦး	၁ ဒသမ ၆၉ လက်မ

မြန်မာ့ရုပ်မြင်သံကြား

၂၇-၇-၂၀၀၆ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈း၀၀ ၆။ အရေးပြိုင်ပွဲ

၈း၁၀ ၇။ အကပဒေသာ

၈း၂၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား

၈း၃၀ ၉။ International News

၈း၄၅ ၁၀။ Let's Go

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ English for Everyday Use

၁၆း၄၅ ၄။ တေးဂီတအစီအစဉ်

၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]

၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇း၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး

၁၇း၃၅ ၈။ **"အဲ့ဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)

၁၇း၄၅ ၉။ တေးဂီတအစီအစဉ်

၁၈း၀၀ ၁၀။ ညနေခင်းသတင်း

၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈း၃၅ ၁၂။ သီရိဂေဟာ

၁၉း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၉)

၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၅)

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့်ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတား ပျက်စီးမှုများကြောင့် အသက်အိုးအိမ် စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လီကျောက်ရှင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

စစ်သွေး ရသစုံမဂ္ဂဇင်း ဩဂုတ်လထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

တာဝန်ခံ အယ်ဒီတာလွင်သောင်းဝေ၏ ၂၀၀၆ ခုနှစ် ဩဂုတ်လအတွက် စစ်သွေးရသစုံမဂ္ဂဇင်းကို တောင်ဥက္ကလာပမြို့နယ် ၁၄/၂ရပ်ကွက် သံသုမာလမ်း သီရိမြင်သာဈေးအတွင်း မြရတနာ စာပေ ဖုန်း-၅၇၈၆၇၀၊ ၃၉၉၇၇၃ က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။**(ဝဲပုံ)**

စစ်သွေးရသစုံမဂ္ဂဇင်းတွင် ကားရိုက်တွေစိပ်လာတဲ့ လီဆူးတိုင်းရင်းသူလေး ခင်လေးနွယ်နှင့် အင်တာဗျူးသောင်းဝေဦး၏ အာဂယောက်ျားတကယ့်စစ်သား၊ နွမ်ဂျာသိုင်းရဲ့ လွမ်းစိတ်မတူ၊ အောင်မြင်ခြင်းများဆီသို့ ရောက်ရှိလာသော Mandy Moore၊ ထင်ရှားအောင်မြင်အနုပညာဖန်တီးရှင်တစ်ဦးဖြစ်သော ဓာတ်ပုံပီတာနှင့် တွေ့ဆုံခြင်း၊ တင်လတ်သန္တာဗိုလ်ရဲ့ Seal & Heidi တေးသီငှက်နှင့်အလှနတ်သမီးတို့၏ အချစ်ကမ္ဘာအသစ်မှာ ဇာနည်(Korea Wave)ရဲ့ သွက်လက်ထက်မြက်တဲ့ ရဲမေယိုး (ဂျွန်ဂျင်ဟေး)ရဲ့အကြောင်း ဆောင်းပါးဝတ္ထုများ ပါဝင်ပြီး ကဗျာ၊ ကာတွန်းရသစုံလင်၍ သရုပ်ဆောင်ခင်လေးနွယ်၏ ချစ်စဖွယ်မျက်နှာဖုံးဖြင့်မဂ္ဂဇင်းပရိသတ်များအတွက် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နီပေါရှိခရိုင်ဆေးရုံများတွင် အခမဲ့ဆေးဝါးကုသပေးမည်

ခတ္တမန္ဒူ ဇူလိုင် ၂၆

နီပေါကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနသည် ခရိုင်ဆေးရုံများအားလုံးရှိ အရေးပေါ်နှင့် အတွင်းလူနာဌာနများတွင် အခမဲ့ဆေးကုသပေးမည် ဖြစ်ကြောင်း ဟီးမားလီးယန်းတိုင်းမ်သတင်းစာက ဇူလိုင် ၂၂ ရက်တွင် ကြေညာသည်။

အခမဲ့ကျန်းမာရေး အစီအစဉ်ကို လာမည့်နှစ်တွင် ဆေးရုံငယ်များတွင်ပါ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၌ ဇူလိုင် ၂၁ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယခုနှစ်အတွက် အဓိက ကျန်းမာရေးအစီအစဉ်နှင့် ပတ်သက်၍ ထုတ်ပြန် ကြေညာရာ၌ ကျန်းမာရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်မာဟက်ချ်မာစကီက ထည့်သွင်းပြောကြားသွားသည်။

အစိုးရသည် ယင်းအစီအစဉ်အတွက် ယခုနှစ်တွင် နီပေါရူပီးသန်း ၅၀ (အမေရိကန်ဒေါ်လာ ၇၁၄၂၈၅) ခွဲဝေသတ်မှတ်ထားကြောင်း ၎င်းက ပြောကြားသည်။

ကြေညာ

ကျန်းမာရေးဆိုင်ရာဌာနများတွင် ဆရာဝန်များ ရှားပါးနေမှုကို လျှော့ချရန်အတွက်လည်း အစိုးရပညာသင်ဆုဖြင့် ဘွဲ့ရရှိခဲ့ကြသည့် ဆရာဝန် ၁၅၀ ဝန်းကျင်သည် ရှေးဦးကျန်းမာရေး ပြုစုကုသမှုဌာနများနှင့် ခရိုင်ဆေးရုံများတွင် အမှုထမ်းရမည် ဖြစ်ကြောင်းဝန်ကြီးဌာနကကြေညာသည်။

ပြောကြား

အဆိုပါ ရည်ရွယ်ချက်အတွက်လည်း အစိုးရသည် ယင်းကဲ့သို့သော ဆရာဝန်များအား ရူပီးသန်း ၂၀ (ဒေါ်လာ ၂၈၅၇၁၄)မက်လုံး ပေးရန် ခွဲဝေသတ်မှတ်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ လေ့ကျင့်ရေးစခန်းတွင် အဝလွန်နေသော ကလေးများ လေ့ကျင့်ခန်းများပြုလုပ်နေသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်၌အဝလွန်ကလေးများတိုးလာ

ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံတွင် အဝလွန်ပြီး ကိုယ်အလေးချိန်တိုးလာသောကလေးများသည် တစ်နေ့ထက်တစ်နေ့ တိုးပွားလာလျက်ရှိကြောင်း ကျန်းမာရေးဌာနမှ ဇူလိုင်၂၄ ရက်က ပြောကြားသည်။

တရုတ်နိုင်ငံ စီးပွားရေးသည် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူနေမှုအဆင့်သည်လည်း မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ကလေးများသည် အအိပ်နှင့်အစားကို ပိုမိုမက်မောလာကြပြီး ကိုယ်လက်လှုပ်ရှားကစားခြင်းထက် ထိုင်၍ကစားရသော တီဗွီဂိမ်းကဲ့သို့သော ကစားနည်းများကိုသာ ပိုမိုကစားလာခဲ့ကြသည်။

ကျန်းမာရေးဌာနများက ကလေးများအဝလွန်ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် နွေရာသီအားလပ်ရက်တွင် လေ့ကျင့်ရေးစခန်းများကို ဖွင့်လှစ်ပြီး ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများကို လုပ်ဆောင်စေခြင်းဖြင့် ကိုယ်အလေးချိန်ကျဆင်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံခြား သတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခုတွင် ဆိုနီကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်သော ဗီဒီယိုကင်မရာများအား မိတ်ဆက်ပြသနေသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘောဒီးယား၌ တရားမဝင်လက်နက်များရှိနေဆဲ

ဖနောင်ပင် ဇူလိုင် ၂၆

ကမ္ဘောဒီးယားနိုင်ငံ၌ အစိုးရကထိန်းချုပ်မှုမှကင်းလွတ်နေသော တရားမဝင်လက်နက် ၂၀၀၀၀ ရှိနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာက ဇူလိုင် ၂၄ ရက်၌ ကြေညာသည်။

ကမ္ဘောဒီးယား အစိုးရက ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် လက်နက် ၁၅၀၀၀ နှင့် ၂၃၀၀၀ အကြား လိုင်စင်များ ထုတ်ပေးခဲ့သည်။ သို့ရာတွင် လက်နက် ၂၀၀၀၀ မှ ၅၅၀၀၀ အထိ အစိုးရထိန်းချုပ်မှု မရှိဘဲ တရားမဝင်ကိုင်ဆောင်မှုများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ကိုးကားဖော်ပြ

ကမ္ဘောဒီးယားနိုင်ငံရှိ လက်နက်များ လျှော့ချရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပရော့ဇန်နီက အထက်ပါအတိုင်း မကြာသေးမီက အစည်းအဝေးတစ်ရပ်၌ တင်ပြခဲ့သည်ကိုဒေသထုတ်သတင်းစာ တစ်စောင်က ကိုးကားဖော်ပြခဲ့သည်။

ကမ္ဘောဒီးယား အမျိုးသားညီလာခံက ၂၀၀၅ခုနှစ် ဧပြီလတွင် လက်နက်များဆိုင်ရာ ဥပဒေကို သဘောတူပြဋ္ဌာန်းခဲ့သည်။

ထိန်းချုပ်

ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၈ ခုနှစ်မှစပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တိုးတက်ရေးအတွက် တရားမဝင်လက်နက်များ ကိုင်ဆောင်ခြင်းကို ထိန်းချုပ်ခဲ့သည်။ ယခုအထိ လက်နက်ပေါင်း ၁၉၅၁၈၃ လက်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အာဖဂန်နစ္စတန် ဇူလိုင် ၂၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာမြို့အနီးတွင် ဇူလိုင် ၂၄ရက်က အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ယာဉ်တန်း ဗုံးထိမှန်ခဲ့ရာ ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုသည် အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းဗုံးပေါက်ကွဲမှုမှာ ကန်ဒါဟာမြို့ပြင်လမ်းမကြီးတစ်နေရာ၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

မြို့အရှေ့ဘက်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ယာဉ်တန်းသည် ဖောက်ခွဲခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏သတင်းပေးပို့ချက်အရ ယင်းပေါက်ကွဲမှုသည် အသေခံတိုက်ခိုက်မှု ဖြစ်ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်ခံရသည့်နေ့ နံနက်ပိုင်းတွင် အသေခံတိုက်ခိုက်မှု ထပ်မံဖြစ်ပွားခဲ့ကြောင်း အခင်းဖြစ်ပွားရာ နယ်မြေဒေသအတွင်း အစောင့်အကြပ်များဖြင့် ပိတ်ဆို့ထားကြောင်း ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦးသည် အပြင်းအထန် ဒဏ်ရာရရှိသွားသည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ဟိုက်ဖာမြို့တွင်ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လက်ဘနွန်၌အပစ်အခတ်ရပ်စဲရန် ဂျော်ဒန်နှင့်အီဂျစ်တိုက်တွန်းပြောကြား

အမ္မန် ဇူလိုင် ၂၆

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာလက်နက်ကိုင်တိုက်ခိုက်ရေးသမားများအကြား ချက်ချင်းအပစ်အခတ်ရပ်စဲကြရန် ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ(၂)နှင့် အီဂျစ်သမ္မတ ဟော့စ်နီမူဘာရက်တို့က ဇူလိုင် ၂၃ ရက်တွင် တိုက်တွန်းပြောကြားလိုက်ကြောင်း ပီထရာသတင်းဌာနက ဖော်ပြသည်။

ဘုရင်အဗ္ဗဒူလာနှင့် သမ္မတမူဘာရက်တို့သည် တယ်လီဖုန်းဖြင့်ဆက်သွယ်၍ အစ္စရေးစစ်ဘက်က ဆက်လက် ကျူးကျော်နေမှုနှင့် ပတ်သက်၍ လက်ဘနွန်၏ အနေအထားအပေါ် သုံးသပ်ကြည့်မြင်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

ဖော်ပြ

အဗ္ဗဒူလာက အာရပ်ပေါင်းစည်းမှုအနေအထားအရေးပါမှုကို မီးမောင်းထိုးပြခဲ့ပြီး လက်ဘနွန်ပြည်သူများ ခံစားနေရမှုများ ပြီးဆုံးရန်အတွက် ချက်ချင်းအပစ်အခတ်ရပ်စဲရန် တိုက်တွန်းခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် လောလောဆယ် ဖြစ်ပေါ်နေသော အကျပ်အတည်းများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်ဖြစ်သည့်အတိုင်း ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်ရန်နှင့် အကြံဉာဏ်ရယူကြရန် သဘောတူညီခဲ့ကြပြီး ဒေသအတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရမှုများအား အာရပ်နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူခဲ့ကြကြောင်း ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ကော့စတာရီကာရဲတပ်ဖွဲ့ ကိုကင်း ၆၈၈ ကီလို သိမ်းဆည်းရမိ

ဆန်ဂျို့စ် ဇူလိုင် ၂၆

ကော့စတာရီကာ ရဲတပ်ဖွဲ့သည် နိုင်ငံအတွင်း ယခုနှစ်တွင် အများဆုံး သိမ်းဆည်းရမိခြင်းအဖြစ် ကိုကင်း ၆၈၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့က ဇူလိုင်၂၃ရက်တွင်ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ယင်းသို့ သိမ်းဆည်းရမိမှုမှာ မှောင်ခိုမှုစစ်ဆင်ရေးဆောင်ရွက်ရာ၌ နီကာရာဂွာနယ်စပ်ရှိ ပီနပ်စ်ဘလင်ကတ်စ်တွင် ဇူလိုင်၂၃ရက်က စီးနင်းရှာဖွေရာ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရဲအရာရှိများသည် ဟွန်ဒူးရပ်စ်သို့ ဦးတည်မောင်းနေသည့် စက်ယန္တရားများ တင်ဆောင်ထားသော နောက်တွဲယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်၏ အောက်ခြေတွင် ဖုက်ယူလာသည့် ကိုကင်းများကို တွေ့ရှိရခြင်း ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ရဲတပ်ဖွဲ့သည် အသက် ၄၀ ရှိ ယာဉ်မောင်းအား ဖမ်းဆီးခဲ့ပြီး ၎င်းကို ပြည်သူ့ရေးရာ ဝန်ကြီးဌာန အာဏာပိုင်များထံလွှဲပြောင်းပေးအပ်လိုက်သည်။

ကော့စတာရီကာ ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်နှစ်က ကိုကင်း စုစုပေါင်း ၁၀ ဒသမ ဝ၄ တန် သိမ်းဆည်းရမိခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အထူးဖိတ်ကြားထားသူများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်း အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် မဟာဗောဓိပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူ ကြပြီး ပရိသတ်များက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အထူးဖိတ်ကြားထားသူများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟို အလုပ်အမှုဆောင်များက ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တိုက်တန်လတွင်ရေကန်များတွေ့ရှိ

စေတန်ဂြိုဟ်၏ မြောက်ဝင်ရိုးစွန်းရှိ တိုက်တန်လမျက်နှာပြင်ပေါ်တွင် ဟိုက်ဒရိုကာဗွန်အရည်များဖြင့် ပြည့်နေသော ရေကန်ကြီးများကို ကက်ဆီနီအာကာသယာဉ်မှ တွေ့ရှိခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပိုများ

ယင်းသည်သာ အတည်ဖြစ်ခဲ့လျှင် တိုက်တန်လသည် ကမ္ဘာမြေရှိ ရေကန်များထက် ရေကန်များပိုများသော ဂြိုဟ် ဖြစ်လာနိုင်သည်။

လှည့်ပတ်ခဲ့

ဥရောပနှင့်အမေရိကန်တို့ပူးပေါင်း လွှတ်တင်ထားသော အဆိုပါ အာကာသယာဉ်သည် ၂၀၀၄ခုနှစ် ဇူလိုင် ၁ရက်က ယင်းစေတန်ဂြိုဟ်ကို လှည့်ပတ်ခဲ့သည်ဟုဆိုသည်။

ရေကန်များနှင့်ရေလက်ကြားများသည် တစ်ခုနှင့်တစ်ခုဆက်နွှယ်နေကြပြီး ကက်ဆီနီက ရိုက်ကူးထားသောပုံတွင် အနက်ရောင်အဖြစ် ပုံရိပ်များဖြစ်ပေါ်လျက်ရှိသည်။

ထိုရေကန်များသည် မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေများပြည့်လျှံနေသကဲ့သို့ တွေ့ရသည်ဟုဆိုသည်။

ရေမဟုတ်

တိုက်တန်လ၏ လေထုလွှာသည် မီသိန်းဓာတ်အများဆုံးပါဝင်သည်။ ထိုလ၏မျက်နှာပြင်မှာ ရေခဲအရည်ပျော်ခြင်းကြောင့်ဖြစ်ပေါ်သည့် အရည်များကိုလည်း တွေ့ရသည်ဟုဆိုသည်။ သို့ရာတွင် ရေမဟုတ်ဟုဆိုသည်။

ကက်ဆီနီအာကာသယာဉ်မှ အဖွဲ့ဝင်များသည် လမျက်နှာပြင်ရှိ အစိုင်အခဲများမှ အရည်များရှိမရှိနှင့် ရေကန်များဟုတ်မဟုတ်ကို အသေအချာ လေ့လာရန် နောက်တစ်ကြိမ် ပြန်သွားလိမ့်မည်ဟုဆိုသည်။

(ကိုးကား-အင်တာနက်)



အင်တာနက်
သတင်းနှင့်ဓာတ်ပုံ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် သုဝဏ္ဏမြို့ မီးဒုံး ၅လမ်း တိုက်၈၉ အခန်း၇နေ ဦးစိုးလှိုင်-ဒေါ်နွဲ့နွဲ့ကြည် မိသားစုတို့က အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ယခုအခါ ချင်းပြည်နယ်၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ ဒေသဖွံ့ဖြိုးရေးဌာနဆိုင်ရာများ အရှိန်အဟုန်မြှင့်ဆောင်ရွက် မိမိတို့၏လုပ်ငန်းများ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး လုပ်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မင်းတပ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၆

ချင်းပြည်နယ် မင်းတပ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ရှိ တောင်ပုလုတိုက်ခွဲ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိအားဖူးမြော်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)သို့ ရောက်ရှိကြပြီး လက်ဖက်ပင် ၁၇၅၀၀နှင့် နှစ်ရှည်သီးနှံပင်များ၊ ရာသီပင်များ၊ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သင်တန်းကျောင်းအတွက် အားကစားပစ္စည်းများ၊ အဝတ်အထည်များကိုလည်းကောင်း၊တိုင်းမှူးဗိုလ်ချုပ်သာအေးက သင်တန်းသားများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ကျောင်းအုပ်ကြီး ဦးဌေးဝင်းထံ ထောက်ပံ့ ပေးအပ်ကြပြီး သင်တန်းသား အိပ်ဆောင်နှင့် ဘုရားခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပျိုးထောင်ထား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းတပ်မြို့အတွက် မင်းတပ်-မတူပီ လမ်း ၉မိုင် လေ့ကောင်းကျေးရွာအုပ်စု ဘော်ခွီးကျေးရွာအနီးရှိ မင်းတပ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပညာပေးဌာနခွဲ ဥယျာဉ်ခြံ သီးနှံဌာန၏ ခြံသို့ရောက်ရှိကြပြီး စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်း၊ အာသံလက်ဖက်မျိုး စမ်းသပ် စိုက်ခင်းနှင့် လက်ဖက်ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးမာန်ဟာက ခြံအကျယ်အဝန်းနှင့် လက်ဖက်၊ ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ချင်းပြည်နယ်အား လက်ဖက်ပြည်နယ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကတာဝန်ယူဆောင်ရွက်ရမည့် ဌာနဖြစ်ကြောင်း၊ စိုက်ပျိုးရန် မြေ၊ ရေနှင့် ရာသီဥတုအနေအထားကောင်းမွန်နေသဖြင့် လက်ဖက်ကို အဓိကထားဦးစားပေး၍ ဒေသ၏ နမူနာပြဖြစ်အောင် စိုက်ပျိုးရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်-မတူပီကတ္တရာလမ်း မိုင်တိုင် ၈မိုင်ရှိ လက်ဖက် လေးဧက စိုက်ပျိုးထားရှိမှုနှင့် လမ်းကြောင်းတစ်လျှောက် လက်ဖက်စိုက်ပျိုးရန်မြေနေရာလျာထားသတ်မှတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် ၃/၇ အနီး၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသခံပြည်သူများ လက်ဖက်ဧက ၂၀၀ စိုက်ပျိုးမည့်နေရာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လက်ဖက်စိုက်ခင်းနှင့် လမ်းတစ်လျှောက် လက်ဖက်တိုးချဲ့စိုက်ပျိုးနိုင်မည့် မြေနေရာများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

သင်ကြားပေးနေ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုနှင့် သက်မွေးလုပ်ငန်း သင်တန်းကျောင်းသို့ ရောက်ရှိကြရာ သင်တန်းကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းကျောင်း၌ အခြေခံ စက်ချုပ်သင်တန်း သင်ကြားပို့ချနေမှုနှင့် သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီသင်တန်းနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများသင်ကြားပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီမြို့ ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိရုံးသို့ ရောက်ရှိကြရာ ဦးစီးအရာရှိ ဦးခင်မောင်မြင့်က ရုံးဝင်းအတွင်း လက်ဖက် ၁၃သမ၄၂ ဧက၌ အပင်ပေါင်း ၇၁၁၈ ပင်စိုက်ပျိုးထားရှိမှု အခြေအနေကို လိုက်လံ ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက် မျိုးပင်များအဖြစ်ထားကာ ဒေသ လက်ဖက်မျိုးစေ့များ ရရှိရေး ဆောင်ရွက်ရန် မှာကြားသည်။

သွားရောက်ကြည့်ရှု

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်းဆိုင်အား သွားရောက် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံခုတင်(၅၀)ရှိ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သင်တန်းကျောင်းအမှတ်(၂)သို့ သွားရောက်၍ သင်တန်းကျောင်း၏ လက်ဖက်ပင် ၂၅၀၀၊နှစ်ရှည်သီးနှံကော်ဖီ၊ ထောပတ်၊ လိမ္မော်နှင့် သရက်ပင်များ စိုက်ပျိုးထားရှိမှု၊ သင်တန်းသား အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ သင်တန်းသား ၁၅၀ တို့အား တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းကျောင်းအတွက် အဝတ်အထည်များနှင့် စရိတ်ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်သာအေးက စာအုပ်နှင့် အားကစားပစ္စည်းများကိုလည်းကောင်း သင်တန်းကျောင်းအုပ်ကြီး ဦးဂေလိန်းမောင်းထံ ထောက်ပံ့ပေးအပ်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မင်းတပ်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ပြည်နယ်နှင့်ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်က ချင်းပြည်နယ်တောင်ပိုင်းဒေသဆိုင်ရာ အခြေအနေများနှင့် လုပ်ငန်း လိုအပ်ချက်များကို လည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ချင်းပြည်နယ်၏ ဒေသဝမ်းစာဖူလုံရေး၊ လက်ဖက်စိုက်ပျိုးရေး၊ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရေးနှင့် ဒေသ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကိုမေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်သည် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်ဖြစ်၍ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများသည် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရန်မှာ မိမိတို့၏ အမျိုးသားရေး တာဝန်အဖြစ်ခံယူ၍ ဦးလည်မသုန်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ လက်ဖက်စိုက်ပျိုးမှုကိုဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသားပြည်သူများကပါ လိုက်ပါစိုက်ပျိုးလာကြရန် ဦးဆောင် လမ်းပြစိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးသွား

လက်ဖက်ကို ရုံးဌာနများ၏ အဝန်းအဝိုင်းအတွင်း မြေလွတ်မြေလပ်များနှင့် သတ်မှတ်ပေးထားသော စိုက်ဧရိယာများ၌မဖြစ်မနေ စိုက်ပျိုးသွားကြရန်နှင့် တစ်ဆက်တစ်စပ်တည်း စိုက်ခင်းများလည်း စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

မင်းတပ်မြို့သည် ခရိုင်မြို့ကြီးဖြစ်သည့်အလျောက် ရှေ့ဆောင်လမ်းပြအဖြစ် လက်ဖက်စိုက်ပျိုးမှုကို နှစ်စဉ်တိုးချဲ့သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ထမ်းဆောင်ရမည့် တာဝန်များကို စေတနာပါဖြည့်စွက်၍ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မင်းတပ်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ် ဒေါက်တာ အောင်လွင်ထံသို့လည်းကောင်း၊ ဒေသနေတိုင်းရင်းသားပြည်သူများအသိပညာဗဟုသုတ တိုးပွားရေးအတွက် သတင်းစာ၊ ဂျာနယ် စာအုပ်စာတမ်းများနှင့် အားကစားပစ္စည်းများကို မင်းတပ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလောထန်းယောထံသို့လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် ဝတ်စုံများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝတ်စုံများကို တာဝန်ရှိသူများအား အသီးသီးပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်တိုင်းမှူးတို့သည် မင်းတပ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်ရင်းမိသားစုများအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်သာအေးက အဝတ်အထည်နှင့် အားကစားပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံပေးအပ်ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တပ်ရင်းအတွင်းနှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

Developing Leadership Skills to Become Rich and Famous အကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

SMART Technical Servicesမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်ဟောပြောသည့် Developing Leadership Skills to Become Rich and Famous ဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် (စနေနေ့)က ရန်ကုန်မြို့ Grand Plaza Parkroyal၌ မွန်းလွဲ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ရာ ကုမ္ပဏီအသီးသီးမှ မန်နေဂျာ အဆင့်ဆင့်၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းကို ကြိုတင်ငွေသွင်း ဖတ်ရှုသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးကျော်ကျော်လှိုင် **(အပေါ်ယာပုံ)**က ချမ်းသာကျော်ကြားသူတိုင်းနီးပါးတွင် Leadership Skillsရှိကြပြီး Leadership Skills ရှိသူများသည်လည်း ချမ်းသာကျော်ကြားသူ ဖြစ်နိုင်ကြောင်းကို ဦးတည် ဟောပြောဆွေးနွေးသွားခဲ့ပြီး Leadership Skills ကို တိုးတက်လာအောင် လုပ်ကိုင်ရမည့် နည်းလမ်းများနှင့် Leadership နှင့် Management ကွဲပြားပုံတို့ကို ဟောပြောခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ထပ်မံ သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထိုဆွေးနွေးပွဲကို တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ် မဂ္ဂဇင်းဖြစ်သည့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းကစီစဉ်ပြီး Gold Rost Gold ကော်ဖီမစ်နှင့် Nibban Electric & Electronics တို့က ပံ့ပိုး ကူညီခဲ့ခြင်း ဖြစ်ပြီး တက်ရောက်လာကြသူများအား တူဒေးတိုက်ထုတ် စာအုပ်အချို့ကို ၁၀ရာခိုင်နှုန်း လျှော့နှုန်းဖြင့်လည်းကောင်း၊ MDG မှ Gold Roast Gold ကော်ဖီမစ်၊ Calsome ကွေကာ၊ Royal Myanmar Tea Mix၊ Fresh°up၊ Lemon Tea စသည့်စားသောက်ကုန်များကို ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း လျှော့နှုန်း အသီးသီးဖြင့် လည်းကောင်း ရောင်းချခဲ့ပြီး Nibban က လည်း အရည်အသွေးမြင့် မီးအားမြှင့်စက်များကို နမူနာပြသခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဘဒ္ဒန္တဝိလာသတရားပွဲ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီး၌ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ စာချဆရာတော် ဘဒ္ဒန္တဝိလာသ အရှင်သူမြတ်သည် (ဝါခေါင်လဆန်း ၈ ရက်) ဩဂုတ် ၁ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းနှင့် ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၏ ရေမြေ ရာသီဥတုနှင့် သယံဇာတဖြစ်ထွန်းမှုအခြေအနေ လယ်ယာနှင့်ကုန်သွယ်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်ကို အားရဖွယ်တွေ့ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် သုခမင်္ဂလာ ဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် အဘယသုခ သိမ်တော်၊ ဇေယျသုခမင်္ဂလာ နှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးတို့ ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက် ကြည်ညိုကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ရေစက်ချမင်္ဂလာအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကြက်ဆူပင်စိုက်ခင်း၊ လိုက်ချီးစိုက်ခင်း၊ ပျားလိမ္မော်စိုက်ခင်းနှင့် နာနတ်စိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် လားရှိုးမြို့မှ နေပြည်တော်သို့ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။

လားရှိုးမြို့သို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများ၏ တည်ငြိမ် အေးချမ်းမှုများ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်မှုများ၊ ဒေသ ဝမ်းစာဖူလုံမှု အခြေအနေများ၊ မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် ပြည်နယ်၏ GDP လျာထားချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လူတစ်ဦးချင်း ပျမ်းမျှ ဝင်ငွေတိုးတက်လာမှုများနှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ပိုမိုတိုးတက်အောင်မြင်

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို ငါးနှစ်စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ခဲ့မှု၊ ချမှတ်ထားသည့်မူဝါဒများ မှန်ကန်ခြင်း၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများကြောင့် ကာလတိုစီမံကိန်းများ လျာထားသည်ထက် ပိုမိုတိုးတက်အောင်မြင်မှု ရရှိလာခြင်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့်လည်း ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများနှင့်အညီ ဆက်လက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ နှစ်စဉ်တိုးတက်နေမှုများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၏ အခြေအနေတိုးတက်ကောင်းမွန်မှုများ၊ နယ်စပ်ကုန်သွယ်ရေးမှ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းဆောင်ရွက်နေမှုများ၊ ပုဂ္ဂလိက ကုန်သည်များအနေဖြင့် နိုင်ငံတော်ကချမှတ်ပေးထားသော ကုန်သွယ်မှုလမ်းကြောင်းမှန်အတိုင်း လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ပုံများ၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ရန်လိုအပ်ပုံများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား ပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အားပေး ပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

အရှိန်အဟုန်ဖြင့်တိုးတက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၏ ရေ မြေ ရာသီဥတုအခြေအနေ၊ နယ်မြေတည်ငြိမ်မှုအခြေအနေနှင့် သယံဇာတဖြစ်ထွန်းမှုအခြေအနေတို့အရ ဤနယ်မြေဒေသ၌ လယ်ယာကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားရဖွယ်ရာ မျက်မြင်တွေ့ရှိနေရကြောင်း။

ထို့အပြင် ဤနယ်မြေဒေသအပါအဝင်ဖြစ်သည့် ရှမ်းပြည်နယ်၌ မင်္ဂလာရှိသော ဖြစ်စဉ်ဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာသကဲ့သို့ မကြာမီရက်ပိုင်းအတွင်းကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင် ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် ၈၀၀ ကျော်သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း။

စိတ်ရင်းစေတနာကောင်း

ယင်းဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့များသည် လက်နက်ကိုင်သောင်းကျန်းမှု၏ လက်တွေ့ဆိုးကျိုးတရားများကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး အေးချမ်းစွာနေထိုင်ရင်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ကင်းရှင်းရေးတို့အတွက် နိုင်ငံတော် အစိုးရနှင့် လက်တွဲလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ရင်းစေတနာကောင်းများဖြင့် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း။

ယင်းဖြစ်စဉ်၊ ဖြစ်ရပ်များကြောင့် သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့မှာလည်း အင်အားချည့်နဲ့လာလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရပိုင်းအနေဖြင့်

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

တစ်တိုင်းပြည်လုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရရှိစေရန်အတွက် ငြိမ်းချမ်းရေးတံခါးကို ဆက်လက်ဖွင့်ထားပါကြောင်း၊ အမြင်မှန်ရရှိပြီး မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် ကျန်တောတွင်းလက်နက်ကိုင်အဖွဲ့များကလည်း ဥပဒေဘောင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

အတွင်း ဆက်လက်ဝင်ရောက်လာမည်ဆိုပါက ရှမ်းပြည်နယ်တစ်ခုလုံးရော၊ နိုင်ငံတော်တစ်ရပ်လုံးပါ ရာနှုန်းပြည့် ငြိမ်းချမ်းတည်ငြိမ်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် ရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်သွားရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း။

မီးရှို့ဖျက်ဆီး

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ အမေရိကန်ဒေါ်လာ ၄၇ သန်းခန့်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးမျိုးစုံကို နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ သတင်းဌာန ကိုယ်စားလှယ်များ ရှေ့မှောက်၌ မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း။

အလားတူပင် ရန်ကုန်၊ လားရှိုး၊ ကျိုင်းတုံတို့၌လည်း ဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးမျိုးစုံကို အကြိမ်ကြိမ်မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ခြုံလိုက်လျှင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ကိုလိုနီနယ်ချဲ့၏ အမွေဆိုးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို ချုပ်ငြိမ်းပပျောက်သွားရေးအတွက် ၁၅ နှစ်စီမံကိန်းချမှတ်၍ ရည်မှန်းချက်ရှိရှိ အားကြိုးမာန်တက် ဖြေရှင်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရသည့် ရှမ်းပြည်နယ်ကို အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာရေးအတွက် တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသ၊ ပင်လုံဒေသ စသည့် အချက်အချာကျသော ဒေသလေးခုကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာများကို သင်ကြားနိုင်သည့် တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးသကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လိုအပ်သော လမ်းတံတားများအပြင် ရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကိုများသည် အခြေခံပညာကိုသာမက အဆင့်မြင့်ပညာကိုပါ လက်လှမ်းမီ လွယ်လင့်တကူသင်ကြားနိုင်သည့် အခွင့်အရေး၊ ကျန်းမာရေး ကုသစောင့်ရှောက်ခံယူနိုင်သည့် အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေရပြီဖြစ်ကြောင်း။

ယခင်အခြေအနေများနှင့် မတူတော့ဘဲ ရှမ်းပြည်နယ်၌ ကျန်းမာသန်စွမ်းပြီး ပညာအရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ အပါအဝင် ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်ကောင်းများ တည်ရှိလာနေပြီဖြစ်၍ ရှမ်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်အဖြစ် တက်လှမ်းနိုင်တော့မှာ သေချာလျက်ရှိကြောင်း။

မမှန်မကန်စွပ်စွဲ

ယင်းကဲ့သို့သော အခြေအနေကောင်း၌ ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့နှင့် ကျင့်ဝတ်သိက္ခာ မထိန်းသိမ်းသော နိုင်ငံခြားမီဒီယာတို့က နိုင်ငံတော်အစိုးရကို သိက္ခာကျဆင်းအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင်၊ အဆုံးစွန်၌ ပြည်ထောင်စုကြီးပျက်စီးအောင်ရည်ရွယ်ပြီး ရှမ်းပြည်နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားနေကြောင်း၊ ရှမ်းအမျိုးသမီးများကို မတရားပြုကျင့်နေကြောင်း၊ တိုင်းရင်းသားလူမျိုးစုများကို ဖိနှိပ်သုတ်သင်နေကြောင်း၊ လူကုန်ကူးမှုများ ကျူးလွန်နေကြောင်း စသည်ဖြင့် မမှန်မကန်စွပ်စွဲလျက်ရှိကြကြောင်း။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ကို အကြောင်းပြပြီး ယင်းတို့အလိုကျ ရုပ်သေးအစိုးရပုံစံမျိုး ထူထောင်နိုင်ရေးအတွက် လုပ်ကြံ လှုံ့ဆော်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီသည် နိုင်ငံတော်၏ အရေးကိစ္စများကို ကိုင်တွယ်လုပ်ကိုင်ဆောင်ရွက်ရသည့် ကျင့်စဉ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီအတွေ့အကြုံ၊ ဆိုရှယ်လစ်ဒီမိုကရေစီအတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း။

မျက်မြင်ကြုံတွေ့

မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ မိမိတို့လူမျိုးများ၏ ယဉ်ကျေးမှုအစဉ်အလာ၊ စရိုက်လက္ခဏာနှင့် ကိုက်ညီဆီလျော်သော ဒီမိုကရေစီပုံစံမျိုးကိုသာ မိမိတို့ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ပြည်ပမှ ဖိအားပေးမှုကြောင့် မိမိတို့ ဘဝအခြေအနေနှင့် မကိုက်ညီသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကို လိုက်နာလုပ်ကိုင်မိသည့် နိုင်ငံအချို့၏ လက်တွေ့ဖြစ်ရပ်ဆိုးများကိုလည်း မိမိတို့ မျက်မြင်ကြုံတွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် **မိမိနိုင်ငံ၊ မိမိလူမျိုးတို့နှင့်ဆီလျော်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်ထူထောင်နိုင်ရန် ကိုယ်ပိုင်မူဝါဒလုပ်ငန်းစဉ်ခုနစ်ရပ်ကို အတိအလင်းချမှတ်၍ အဆင့်မှန် စေတနာမှန်ဖြင့် မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ထူထောင်ရေး၊ ထူထောင်ပြီးသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးအခြေခံများ ခိုင်မာအောင် အခြေချထူထောင်လျက်ရှိကြောင်း။**

ဝိုင်းဝန်းကြိုးစား

ထို့ကြောင့် ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမှာပင်နေသည်ဖြစ်စေ၊ တလုံးတစည်းသော ညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲနှလုံးသွင်းပြီး ပြည်ထောင်စုကြီး အေးချမ်းသာယာလာအောင်၊

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲလာအောင် ဝိုင်းဝန်းကြိုးစားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်

ဝန်ကြီးများ X-Ray Machine ယာဉ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့နယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဌာနဆိုင်ရာများ၊ ကုန်သည်များအား တွေ့ဆုံ ဖြည့်ဆည်း၍ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်သွက်လက်မြန်ဆန်စေရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးများသည် စခန်းရှိ အစည်းအဝေးခန်းမ၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကုန်သွယ်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် အလုပ်ပြီးစေသောစနစ် (One Stop Services)အဖွဲ့ဝင် သက်ဆိုင်ရာဌာနအသီးသီးတို့မှ ဝန်ထမ်းတာဝန်ခံများနှင့် တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

တွေ့ဆုံပွဲတွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၌ မြေကွက်များ ဖော်ထုတ်ပြီးစီးမှုနှင့် အဆောက်အအုံများတည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ပို့ကုန်သွင်းကုန် ပစ္စည်းအမယ်အမျိုးအစားများ၊ နှစ်အလိုက် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုပမာဏများ၊ အခွန်အခရရှိမှုများ၊ နယ်စပ်ကုန်သွယ်မှု စစ်ဆေးရေးစခန်းများ ဖြန့်ခွဲထားမှုများ၊ One Stop Services စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ သွက်လက်မြန်ဆန်စွာဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပို့ကုန်သွင်းကုန်လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် One Stop Services အဖွဲ့ဝင် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ပို့ကုန်သွင်းကုန်လုပ်ငန်းများ၌ One Stop Services စနစ်ဖြင့် ဆောင်ရွက်ပေးနေမှု အတွေ့အကြုံများကိုလည်းကောင်း၊ နယ်စပ်ဒေသဖြတ်ကျော်ပုံမှန်ကုန်သွယ်မှုစနစ် ပြောင်းလဲကျင့်သုံးနေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရည်ရွယ်ချက်ငါးရပ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးများက သိလိုသည်များကို မေးမြန်းကြပြီး မှာကြားကြရာတွင် နယ်စပ်ကုန်သွယ်ရေးကို ရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်ငါးရပ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရန်နှင့် နယ်စပ်ကုန်သွယ်မှုကို ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်တို့ ပါဝင်ကြောင်း။

ပုံမှန်ကုန်သွယ်မှုအဆင့်

ယခုအခါ အဓိကနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့် မူဆယ်မှတစ်ဆင့် ဆောင်ရွက်နေသော နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို နယ်စပ်ကုန်သွယ်မှု စနစ်အဆင့်မှ ပုံမှန်ကုန်သွယ်မှုအဆင့်သို့ ပြောင်းလဲကျင့်သုံးနိုင်အောင် မိမိတို့ စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့၏ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများ၊ ရေထွက် ပစ္စည်းများကို အဆင့်အတန်းရှိရှိ ထိုက်တန်သည့်ဈေးနှုန်းဖြင့် စနစ်တကျ ရောင်းချနိုင်အောင် မူဆယ် ၁၀၅ မိုင် ခေတ်မီကုန်သွယ်ရေးဇုန်ကြီးတစ်ခုကို တည်ဆောက်ထူထောင်နေခြင်းဖြစ်ကြောင်း။

နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်မှသာ နှစ်နိုင်ငံလုံးအတွက်ရော၊ သက်ဆိုင်ရာလုပ်ငန်းရှင် များအတွက်ပါ ရေရှည်အကျိုးရှိမှာဖြစ်ကြောင်း။

အသေးစားနယ်စပ်ကုန်သွယ်မှုလုပ်ငန်းကို လုပ်ကိုင်နေကျ အဆင့်မှ နည်းမှန်၊ လမ်းမှန်၊ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းသို့ ပြောင်းလဲသည့်အခါ လုပ်ငန်းရှင်များအနေဖြင့် မကျွမ်းကျင်မှုများ ရှိကောင်းရှိနိုင်ကြောင်း။

ပံ့ပိုးကူညီစောင့်ရှောက်

လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်ကိုင်တတ်လာအောင်လည်း မိမိတို့က အစွမ်းကုန် ပံ့ပိုးကူညီစောင့်ရှောက်ပေးရမှာဖြစ်ကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီစောင့်ရှောက်ရာ၌လည်း ဥပဒေ ဘောင်အတွင်းမှနေ၍ စေတနာထားပြီး ကိုယ်ကျိုးမဖက်ဘဲ လုပ်ကိုင်ဆောင် ရွက်သွားရန်ဖြစ်ကြောင်း။

ရိုးရိုးသားသားလုပ်ကိုင်

မမှန်မကန်လုပ်ကိုင်ဆောင်ရွက်မှုများကို မိမိတို့ ဝန်ထမ်းအပိုင်းက မပြုလုပ်ရန် လိုအပ်သကဲ့သို့ ကုန်သည်များအပိုင်းကလည်း ရိုးရိုးသားသား သိက္ခာရှိရှိဖြင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယင်းသို့ စနစ်တကျ မှန်မှန်ကန်ကန် အပြန်အလှန်ပူးပေါင်းဆောင်ရွက် သွားမည်ဆိုလျှင် နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုသည် ပင်လယ်ထွက်ပေါက် မှသာမက ကုန်းလမ်းထွက်ပေါက်များမှပါ စနစ်တကျဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

ယခုတင်ပြချက်ပါ ကိန်းဂဏန်းများအရလည်း မူဆယ်ဒေသ၏ သွင်းကုန် ပို့ကုန်လုပ်ငန်းများသည် ပုံမှန်ဖြစ်ထွန်းလျက်ရှိရာ ပြုပြင်ရန်လိုအပ်ချက်များ ရှိလာပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများ၊ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နယ်မြေခံကုန်သည်များနှင့် တွေ့ဆုံသည်။

ချောမွေ့ဖွံ့ဖြိုး

တွေ့ဆုံပွဲတွင် ဝန်ကြီးများက ရှင်းလင်းမှာကြားကြရာတွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့ဖွံ့ဖြိုးနေရန် အရေးကြီးကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကို အဓိက ပင်တိုင်ဆောင်ရွက် နေသည်မှာ ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်များဖြစ်ကြကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက် အောင် အစဉ်အားပေးကူညီလျက်ရှိကြောင်း။

ရေရှည်အကျိုးဖြစ်ထွန်းမှု

ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ တရားမဝင်သော နည်းလမ်း များဖြင့် မလုပ်ကိုင်မိအောင်၊ ရေရှည်အကျိုးဖြစ်ထွန်းမှုကို မျှော်မှန်းပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်အောင် ကြိုးစား ကြစေလိုကြောင်း။

မိမိတို့၏ ထွက်ကုန်ပစ္စည်းများကို အရည်အသွေးရှိရှိ စနစ်တကျတင်ပို့ ရောင်းချနိုင်မှသာ ထိုက်တန်သောဈေးနှုန်းလည်း ရရှိမှာဖြစ်ကြောင်း။

ယခုအခါ သစ်သီးဝလံဈေးကွက်သည် မူဆယ်ဈေးကွက်၌ ခိုင်မာလာ ပြီဖြစ်၍ အလားတူ လယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများကိုလည်း ဈေးကွက်ခိုင်မာလာအောင် ကြိုးစားကြစေလိုကြောင်း၊ ပုံမှန်ကုန်သွယ်မှုစနစ် ကို ကျင့်သုံးရာ၌ အခက်အခဲများရှိပါကလည်း တင်ပြကြရန်ဖြစ်ကြောင်း။

မဟုတ်မမှန်လုပ်ကြံစွပ်စွဲ

အချို့သော ပြည်ပမီဒီယာသတင်းဌာနများက မူဆယ်ဒေသ၌ ကုန်သွယ်မှု လုပ်ငန်းများ ရပ်ဆိုင်းနေပြီဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်လျက် ရှိကြောင်း။

ယခုရက်ပိုင်းမှာပင် မူဆယ်ဒေသ၌ တစ်ရက်လျှင် အနည်းဆုံး ဒေါ်လာ ငါးသိန်းမှ ဒေါ်လာတစ်သန်းကျော်တန်ဖိုးပမာဏအထိ ပုံမှန်ရောင်းဝယ်လျက် ရှိကြောင်း။

၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဒေါ်လာ ၃၄၇ သန်းခန့်၊ ၂၀၀၅–၂၀၀၆ ခုနှစ် တွင် ဒေါ်လာ ၅၀၅ သန်းခန့် ကုန်သွယ်မှုပမာဏရှိခဲ့ကြောင်း။

ကုန်သွယ်မှုပမာဏများပြား

ယခု ၂၀၀၆–၂၀၀၇ ခုနှစ် ပထမသုံးလခွဲအတွင်းမှာပင် မူဆယ်နယ်စပ် ဒေသ၏ ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၀၇ သန်းကျော်ရှိနေပြီဖြစ်ရာ နှစ်ကုန်တွင်ဖြစ်ပေါ်လာမည့် ကုန်သွယ်မှုပမာဏသည် ၂၀၀၅–၂၀၀၆ ခုနှစ် ထက်ပင် များပြားသွားမှာ သေချာလျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့၏ ထွက်ကုန်ပစ္စည်းများကို စနစ်တကျ ပုံမှန် ကုန်သွယ်မှုလမ်းကြောင်းအတိုင်း တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးစားကြ စေလိုကြောင်းဖြင့် မှာကြားကြသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မူဆယ်–နမ့်ခမ်း နယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးဟန်စိန်တို့က နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် စခန်းရှိ ပို့ကုန်သွင်းကုန်ဌာန၌ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ X-Ray Machine ယာဉ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးများသည် သွင်းကုန်ပို့ကုန် မော်တော်ယာဉ်များကို စနစ်တကျ စစ်ဆေးဆောင်ရွက်နေမှုများ၊ ပို့ကုန်သွင်းကုန်ပစ္စည်း ရောက်ရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း တည်ဆောက် ပြီးစီးမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးများသည် ငါးလုပ်ငန်းဦးစီးဌာန ရေထွက်ပစ္စည်း အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း၊ ငါးရှဉ့်နှင့် ကဏန်းများ ပြည်ပ တင်ပို့ရေး ခွဲခြားစစ်ဆေးနေမှုများ၊ အအေးခန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်(အက်စကတ်)၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ ကင်ဟတ်စုအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြို့နွယ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ကုန်သွယ်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် အလုပ်ပြီး စေသောစနစ် (One Stop Services) အဖွဲ့ဝင် သက်ဆိုင်ရာဌာနအသီးသီးတို့မှ ဝန်ထမ်း တာဝန်ခံများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မူဆယ်ဒေသသည် East-West Corridor လမ်းကြောင်းပေါ်၌ အချက် အချာကျကျ တည်ရှိနေသောဒေသဖြစ်ရာ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ၊ Transit ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်နိုင်ရေး အတွက် မူဆယ် ၁၀၅ မိုင်၌ ခေတ်မီကုန်သွယ်ရေးဇုန်ကြီးကို တည်ဆောက် လျက်ရှိပြီး ယခုအခါ ရာခိုင်နှုန်း ၄၀ ကျော် ပြီးစီးနေပြီဖြစ်သည်။

အရစ်ကျငွေချေစနစ်

လောလောဆယ် မြေကွက်ပေါင်း ၁၆၃ ကွက် ဖော်ထုတ်ပြီးစီးပြီး ၉၇ ကွက်ကို ပုဂ္ဂလိကများသို့ အရစ်ကျငွေချေ စနစ်ဖြင့် ရောင်းချပြီးဖြစ်ရာ ခေတ်မီအအေးခန်းများ၊ ပွဲရုံများ၊ ဂိုဒေါင်များ၊ X-Ray အဆောက်အအုံများ၊ ဓာတ်ခွဲ ခန်းများ၊ ရုံးအဆောက်အအုံများကို တည်ဆောက်နေကြပြီဖြစ်သည်။

အသင်းဝင်များနှင့်တွေ့ဆုံ

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်းတို့သည် ဇူလိုင် ၂၄ ရက် ညပိုင်းတွင် လားရှိုးမြို့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လားရှိုး၊ ကွမ်းလုံ၊ မူဆယ်နှင့် ကျောက်မဲခရိုင်အသင်းတို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အသင်း၏လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ငါးလုပ်ငန်း ဦးစီးဌာန ရေထွက်ပစ္စည်းအရည် အသွေးစစ်ဆေးရေး၊ ဓာတ်ခွဲခန်း၊ ငါးရှဉ့်နှင့် ကဏန်းများပြည်ပတင်ပို့ ရေး ခွဲခြားစစ်ဆေးနေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

မကွေးမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၂၆

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် မကွေးမြို့၌ တိုင်းထွာ ရရှိခဲ့သော မိုးရေချိန် ၆၇ မီလီမီတာ (၂ဒသမ၆၄လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း၃၄နှစ် အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာ ရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်ပြီး ယခင် စံချိန်ဟောင်းမှာ ၆၆မီလီမီတာ (၂ဒသမ၆၀လက်မ)ဖြစ်ကာ ၁၉၈၂ ခုနှစ် ဇူလိုင်၃၁ရက်တွင် ရွာသွန်းခဲ့ ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

မျက်စိနာအကြောင်း သိကောင်းစရာ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

အခုတလော မျက်စိဆေးရုံ၊ ဆေးခန်းတွေမှာ မျက်စိနာသူ လူနာများ အလွန်များပြားလာတာကို တွေ့နေရပါတယ်။ လာပြသရွေ့ လူနာရဲ့ ထက်ဝက်ကျော်ဟာ မျက်စိနာသူများ ဖြစ်ပါတယ်။ ‘မျက်စိနီရဲလာလို့၊ မျက်ဝတ်တွေထွက်လို့’၊ ‘မနက်အိပ်ရာအထမှာ မျက်ချေးတွေ ပိတ်နေတာ ဖွင့်လို့တောင်မရပါဘူး’၊ ‘မျက်စိယားတယ်၊ အောင့်တယ်’ ဆိုတဲ့ ခံစားချက်တွေနဲ့အတူ မျက်ခွံတွေရောင်ရမ်းပြီး မျက်မြှေးလွှာအောက်မှာ သွေးယိုစိမ့်ပြီး ရောက်လာသူတွေကိုပါ တွေ့ရတာကြောင့် မျက်စိနာခြင်းဆိုတဲ့ မျက်မြှေးရောင်ရောဂါအတွက် သတိပေးနှိုးဆော်ဖို့ လိုအပ်လာပြီဖြစ်လို့ အခုလို ရေးသားလိုက်ရပါတယ်။

သာမန်မျက်မြှေးရောင်ရောဂါဟာ ဘက်တီးရီးယား၊ ဗိုင်းရပ်၊ဖန်ဂိုင်၊ ကလမိုင်းဒီးယားပိုးတွေနဲ့ အလားဂျစ် (Allergic)ခေါ်တဲ့ ဓာတ်မတဲ့ခြင်းတွေကြောင့် ဖြစ်ပေါ်လာရပါတယ်။ သာမန်ဘက်တီးရီးယားပိုးကြောင့် မျက်မြှေးရောင်ခြင်းဟာ ကလေးတွေမှာ အများဆုံးတွေ့ရပြီး ၁၀ ရက်ကနေ နှစ်ပတ်အကြာမှာ အလိုလိုပျောက်ကင်းသွားနိုင်ပါတယ်။ အခုအချိန်မှာတော့ ကလေး၊လူကြီးအားလုံး ဖြစ်ပွားကြတာကိုတွေ့ရပြီး ရောဂါဖြစ်ပွားစေတဲ့ ဘက်တီးရီးယားတွေကတော့ စတက်ဖလို့ကော့ကပ်အုပ်စု (staph; epidermidis,staph-aureus)၊ စထရက်တိုကော့ကပ်အုပ်စု (Strep-pneumoniae)နှင့် H.influenzaeအုပ်စုတွေပဲဖြစ်ပါတယ်။ ရောဂါကူးစက်ပုံကတော့ ရောဂါပိုးပါဝင်နေတဲ့ မျက်ဝတ်တွေနဲ့ တိုက်ရိုက်ထိတွေ့မိလို့ပဲ ဖြစ်ပါတယ်။

ဟိုးလွန်ခဲ့တဲ့ ၁၉၆၉ ခုနှစ်က ဂါနာနိုင်ငံမှာ ကပ်ရောဂါအသွင်နဲ့ ပထမဆုံးစတင်ဖြစ်ပွားခဲ့သော(Epidemic Haemorrhagic conjuntivitis) ခေါ် ကူးစက်မြန် သွေးလွန်မျက်မြှေးရောင်ရောဂါဟာ တဖြည်းဖြည်းနဲ့ တခြားနိုင်ငံများကိုပါ ကူးစက်လာခဲ့ရာကနေ မြန်မာနိုင်ငံမှာလည်း ၁၉၇၁ ခုနှစ်က တစ်ကြိမ်၊ ၁၉၈၁ ခုနှစ်က တစ်ကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။

၁၉၆၉ ခုနှစ် ဂါနာနိုင်ငံမှာ ကပ်ရောဂါအသွင်ဖြစ်ပွားချိန် အမေရိကန်နိုင်ငံမှ အပိုလို(၁၁) အာကာသယာဉ်ကို ပစ်လွှတ်တဲ့အချိန်နဲ့တိုက်ဆိုင်နေလို့ အဲဒီမျက်စိနာကို **‘အပိုလိုမျက်စိနာ’** ရယ်လို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်။ အဲဒီအပိုလို မျက်စိနာကတော့ ပီကိုနာဗိုင်းရပ်အုပ်စုဝင် အကောင်တစ်မျိုးကြောင့် ဖြစ်ရတယ်လို့ သုတေသီတွေက ယူဆခဲ့ကြပါတယ်။ တချို့ကလည်း အဲဒီနိုဗိုင်းရပ် တချို့ကြောင့်လို့ ယူဆခဲ့ကြပါတယ်။

အခုအချိန် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ မျက်စိနာအများစုကတော့ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်ပိုးတွေကြောင့် ဖြစ်ရတယ်လို့ယူဆရပါမယ်။ ရောဂါဖြစ်ပွားသူတွေ များပြားလာပေမယ့် ပြင်းထန်တဲ့အသွင်ကို မတွေ့ရှိရပါဘူး။ ပြည်သူများကလည်း မျက်စိကျန်းမာရေးကို အထူးသတိပြုအလေးထားလာကြသလို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကတစ်ဆင့် ကျန်းမာရေးပညာပေးမှုတွေက ထိရောက်တွင်ကျယ်လာတာကြောင့်ပဲ ဖြစ်ပါမယ်။

မျက်မြှေးရောင် မျက်စိနာသူအများစုဟာ မျက်စိရတ်တရက် နီရဲလာမယ်။ မျက်စိထဲအမှိုက်ဝင်သလို ခိုးလိုးခုလုနေမယ်။ မျက်ရည်အဆက်မပြတ်ကျမယ်၊ မျက်စိပူမယ်၊ ယားယံမယ်။ တစ်ခါတစ်ရံ မျက်စိအောင့်မယ်၊ နာမယ်။ အလင်းရောင်ကိုမကြည့်နိုင်ဘူး။ မနက်အိပ်ရာအထ မျက်စိဖွင့်ဖို့ခက်လောက်အောင် မျက်ဝတ်(မျက်ချေး)တွေက စေးကပ်စွာပိတ်နေမယ်၊ မျက်စိတစ်ဖက် စဖြစ်ပြီးရင် နောက်တစ်ဖက်ကိုလည်းကူးစက်မယ်။ မျက်ခွံတွေရောင်ရမ်းပြီး မျက်ဝတ်ခြောက်ဖတ်တွေက မျက်တောင်တွေမှာ ကပ်နေတာတွေ့ရပါတယ်။ မျက်ဝတ်တွေမှာလည်း အရည်ကြည် မျက်ဝတ်၊ စေးကပ်သောမျက်ဝတ်၊ ပျစ်ချွဲသော မျက်ဝတ်၊ ပြည်ကဲ့သို့ မျက်ဝတ်တွေရယ်လို့ အမျိုးမျိုးတွေ့နိုင်ပါတယ်။

‘ကျွန်မ မျက်စိနာတုန်းက ဒီဆေးခတ်လို့ပျောက်တာ ခတ်ကြည့်ပါလား။ ကျွန်တော့်အမေ မျက်စိဖြစ်တုန်းက ခတ်တဲ့မျက်စဉ်း ကျန်သေးတယ်၊ ခတ်ကြည့်ပါလား’ဆိုတာမျိုးတွေ။ မျက်စိနာပြီဆိုတော့ ဆေးရုံ၊ ဆေးခန်း မသွားဘဲ လမ်းထိပ်က ဆေးဆိုင်မှာ ‘မျက်စိနာလို့ခတ်တဲ့မျက်စဉ်းရောင်းပါ’ဆိုပြီး ဆေးရောင်းချသူရဲ့ ကုသမှုကို လွဲမှားစွာခံယူပြီး ဘဲနှုတ်သီး မျက်စဉ်းတွေကို အလွယ်တကူ ခတ်နေကြတာကို မြင်နေရတော့ အတော်ရင်မောမိ။

ဘက်တီးရီးယား၊ ကလမိုင်းဒီးယားပိုးကြောင့်ဖြစ်တဲ့ မျက်ဝတ်တွေဟာ မပျစ်တပျစ်ရှိပြီး ဗိုင်းရပ်နဲ့ အလားဂျစ်ကြောင့်ဖြစ်ရင်တော့ အရည်ကြည် မျက်ဝတ်တွေ ထွက်တတ်ပါတယ်။ ပြည်လိုပျစ်ခဲနေတဲ့ မျက်ဝတ်ဆိုရင်တော့ ပြင်းထန်တဲ့ ဘက်တီးရီးယားပိုးကြောင့်လို့ သုံးသပ်ရပါတယ်။ ဘက်တီးရီးယားကြောင့် နာတဲ့မျက်စိဆိုရင် ပိုမိုနီရဲနေပြီး ပြင်းထန်တဲ့ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်ပိုးတချို့ကြောင့် ဖြစ်ခဲ့ရင်တော့ မျက်မြှေးအောက်မှာ သွေးထွက်ခြင်း၊ မျက်စိဝန်းကျင်နှင့် မျက်ခွံတို့ လျင်မြန်စွာ ရောင်ရမ်းခြင်း၊ ထိုမှတစ်ဆင့် မျက်မြှေးလွှာတင်မကဘဲ မျက်ကြည်လွှာနဲ့ မျက်စိအတွင်းပိုင်းတွေကိုပါ အနည်းငယ် ရောင်ရမ်းစေနိုင်တဲ့အတွက် မျက်စိနာပျောက်ကင်းသွားတဲ့ တိုင်အောင် ရက်အတန်ကြာ တစ်ပတ်မှနှစ်ပတ်ထိ မှုန်ဝါးဝါးဖြစ်ကျန်ခဲ့တတ်ပါတယ်။ အခြားမျက်စိနာရောဂါတွေထက် ကူးစက်မြန်တာကိုလည်း တွေ့ရပါတယ်။ အဲဒီလို ပြင်းထန်တဲ့ မျက်စိနာရောဂါဖြစ်တဲ့အခါ တချို့ လူနာတွေမှာ ကိုယ်အနည်းငယ်ပူပြီး မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက် ဇက်ထိုးခြင်း၊ လည်ပင်းနဲ့ မေးရိုးအောက်ဝန်းကျင်မှာရှိတဲ့ အကျိတ်တွေ ရောင်ရမ်းခြင်းတို့ ဖြစ်တတ်ပါတယ်။ ရောဂါပိုးရဲ့ ကူးစက်မြန်တဲ့ သဘောကြောင့်လည်း မျက်စိတစ်ဖက်က တစ်ဖက်ကို လျင်မြန်စွာ ကူးစက်သလို လူတစ်ဦးမှ တစ်ဦးကိုလည်း အလွယ်တကူ ကူးစက်နိုင်ကြပါတယ်။

ဒါ့ကြောင့် မိမိအိမ်မှာ မျက်စိနာသူ တစ်ဦးဦးရှိနေရင်၊ ဒါမှမဟုတ် မိမိလုပ်ငန်းခွင်မှာ မျက်စိနာသူတစ်ဦးဦးနဲ့ နီးနီးကပ်ကပ် ဆက်ဆံနေရပြီဆိုရင် မိမိကို မကူးစက်စေဖို့ ကာကွယ်ရပါတော့မယ်။ သင့်တော်တဲ့ ပဋိဇီဝ မျက်စဉ်းတစ်ခုခု(ဥပမာ) Cifran, Ciplox, Oflox, ကလိုရမ်ဖီနီကော၊ ဂျင်တာမိုင်စင်၊ နီယိုမိုင်စင်၊ ဖရန်မိုင်စီတင်၊ တိုဗရာမိုင်စင်၊ တက်ထရာဆိုက်ကလင်း စသဖြင့် မျက်စဉ်းတစ်ခုခုကို တစ်ခါခတ်လျှင် တစ်စက်၊ တစ်နေ့လေးကြိမ်မျှ ခတ်ထားခြင်းဖြင့် ရောဂါဖြစ်ခြင်းမှ အနည်းနဲ့အများဆိုသလို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ မိမိကို ကူးစက်ခဲ့ရင်တောင် အခြားသူတွေလောက် ပြင်းထန်စွာ မခံစားရတော့ပါဘူး။ မဖြစ်ခင်က ကြိုတင်ကာကွယ်တယ်ဆိုရာမှာလည်း တစ်ကိုယ်ရေသန့်ရှင်းရေးက အရေးကြီးလှပါတယ်။ ရေကန်၊ ရေဇလုံတွေမှာ မျက်မြှေးရောင်သူနဲ့ အတူရေချိုး၊ မျက်နှာသစ်ခြင်းနဲ့အတူ မျက်မြှေးရောင် ရာသီမှာ ရေကူးကန်မှာ ရေကူးကြသူတွေ အထူးသတိပြုရမှာ ဖြစ်ပါတယ်။ အဲဒီလို မျက်မြှေးရောင်သူနဲ့အတူ ရေကူးမိခြင်း၊ အသုံးအဆောင်ပစ္စည်းတွေဖြစ်တဲ့ မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ၊ မျက်မှန်၊ စာရေးကိရိယာ၊ စာရွက်စာတမ်းများကို အတူတကွ အသုံးပြုခြင်း၊ မျက်စိကိုမလိုအပ်ဘဲ လက်ဖြင့်ပွတ်သပ်ခြင်းတွေကို ရှောင်ရှားကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ခု ပြောချင်တာကတော့ ကျွန်မတို့ မြန်မာတွေရဲ့ ကူညီရိုင်းပင်းလိုစိတ်နဲ့ အားနာစိတ်ပါပဲ။ **‘ကျွန်မ မျက်စိနာတုန်းက ဒီဆေးခတ်လို့ ပျောက်တာခတ်ကြည့်ပါလား။ ကျွန်တော့်အမေ မျက်စိဖြစ်တုန်းက ခတ်တဲ့မျက်စဉ်း ကျန်သေးတယ်၊ ခတ်ကြည့်ပါလား’ဆိုတာမျိုးတွေ။ မျက်စိနာပြီဆိုတော့ ဆေးရုံ၊ ဆေးခန်းမသွားဘဲ လမ်းထိပ်က ဆေးဆိုင်မှာ ‘မျက်စိနာလို့ ခတ်တဲ့မျက်စဉ်းရောင်းပါ’ဆိုပြီး ဆေးရောင်းချသူရဲ့ကုသမှုကို လွဲမှားစွာခံယူပြီး ဘဲနှုတ်သီး မျက်စဉ်းတွေကို အလွယ်တကူ ခတ်နေကြတာကို မြင်နေရတော့ အတော်ရင်မောမိ**ပါတယ်။ အရင်တုန်းက မျက်စိနာလို့ ခတ်တယ်ဆိုတဲ့ မျက်စဉ်းဟာ မျက်နက်ရောင်ရောဂါဖြစ်လို့ မျက်စိဆရာဝန်ကပေးထားတဲ့ အထရိုပိန်းလို မျက်စဉ်းမျိုး၊ ရေတိမ် ရောဂါဖြစ်လို့ ခတ်နေရတဲ့ ပိုင်လိုကာပိန်းလို သူငယ်အိမ်ကျဉ်းစေတဲ့ မျက်စဉ်းမျိုး၊ သူတို့အမေတွေ၊ အဘွားတွေ မျက်စိခွဲတုန်းက ခတ်တဲ့ မျက်စဉ်းက စတီးရွိုက်ပါတဲ့ မျက်စဉ်းတွေဆိုတာ သူ့ရောဂါနဲ့သူ အံဝင်ခွင်ကျသုံးရတဲ့ မျက်စဉ်းမျိုးပါ။

အဲဒီမျက်စဉ်းတွေကို အလွယ်အသုံးပြုနေကြတော့ အခတ်မတော် မျက်စဉ်းတစ်စက်ရယ်ကြောင့် မျက်စိတစ်ဖက်ပျက်လို့ ဘဝဆုံးရှုံးရတာတွေကို တွေ့နေရပါတယ်။ မျက်စဉ်းဆေးတွေ လွဲမှားစွာ အသုံးပြုခြင်း၊ ရောင်းချခြင်းနဲ့ပတ်သက်ပြီး ဆေးဝါးရောင်းချသူများအတွက် မြန်မာနိုင်ငံဆေးနှင့်ဆေးကုန်သည်ကြီးများအသင်းက ကြီးမှူးဖွင့်လှစ်တဲ့ သင်တန်းမှာလည်း အပတ်စဉ် သင်တန်းပို့ချပြီး ဆင့်ပွားအသိ ပညာပေးနေပေမယ့် လက်လှမ်းမမီတဲ့ သူတွေကတော့ ရှိနေမြဲ ဖြစ်ပါတယ်။

မျက်စိနာနေသူကို ဦးစွာစတီးရွိုက်ပါတဲ့ မျက်စဉ်းတွေကို ချက်ချင်း မပေးရပါဘူး။ (တကယ်လို့ မျက်စိနာတာဟာ မျက်ကြည်လွှာရောင်ရမ်းတာနဲ့ ပူးတွဲဖြစ်နေခဲ့ရင် အန္တရာယ်အတော် ဖြစ်နိုင်ပါတယ်။) စတီးရွိုက်ရဲ့ အာနိသင်တွေဖြစ်တဲ့ မျက်စိနီတာ၊ ရဲတာ၊ ရောင်တာကို သက်သာပျောက်ကင်းနိုင်ပေမယ့် အသားနုတက်နှေးကွေးခြင်း၊ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားကို လျော့နည်းစေခြင်းစတဲ့ ဆိုးကျိုးတွေက ရှိနေကြပါတယ်။ အမှန်တကယ်တော့ အဲဒီစတီးရွိုက်မျက်စဉ်းတွေဟာ သူ့ရောဂါနဲ့သူ (ဥပမာ)မျက်နက်ရောင်ရောဂါ၊ မျက်စိခွဲစိတ်ပြီး လူနာများဓာတ်မတည့်လို့ဖြစ်တဲ့ နာတာရှည် မျက်မြှေးရောင်ရောဂါတွေမှာတော့ အလွန်အသုံးတည့်တဲ့ဆေးတွေဖြစ်ပေမယ့် ဒီဆေးတွေ ပေးတော့မယ်ဆိုရင် ကျွန်မတို့ မျက်စိဆရာဝန်တွေတောင်မှ မျက်ကြည်လွှာ အခြေအနေကို သေချာစွာ သုံးသပ်စစ်ဆေးပြီးမှသာ အသုံးပြုနိုင်တာ ဖြစ်ပါတယ်။

ဒါ့ကြောင့် သာမန်မျက်စိနာ မျက်မြှေးရောင်ပြီဆိုပါတော့ ဘာတွေလုပ်ကြမလဲ။ ဦးစွာပထမ မျက်စဉ်းတွေမခတ်မီမှာ မျက်ခွံနဲ့မျက်တောင်တွေမှာကပ်နေတဲ့ မျက်ဝတ်တွေကို သန့်ရှင်းတဲ့ ဂွမ်းဖတ်လေးနဲ့အရင်ဆုံး ဖယ်ရှားပစ်ရပါမယ်။ ပြီးမှ ပဋိဇီဝမျက်စဉ်းတွေဖြစ်တဲ့ အထက်ကဆိုခဲ့တဲ့ Cifran,Ciplox, Oflox, ကလိုရမ်ဖီနီကော့၊ တိုဗရာမိုင်ဆင်၊ ဂျင်တာမိုင်စင်၊ဖရင်မိုင်စီတင်လို ဆေးတွေကို ရောဂါအနုအရင့်လိုက်လို့ တစ်နာရီတစ်ကြိမ်နှုန်းကနေ တစ်နေ့ကို လေးကြိမ်မှ ခြောက်ကြိမ်အထိ ခတ်နိုင်ပါတယ်။ ရောဂါပြင်းထန်မှသာ အထက်ကဆိုခဲ့တဲ့ ကော်တီဆုံးပါတဲ့ ဆေးတွေနဲ့ ကုသရမှာဖြစ်လို့ သက်ဆိုင်ရာ မျက်စိကုဌာနတွေကို သွားရောက်ပြသပြီး မှန်ကန်တဲ့ကုသမှုကို ခံယူကြပါလို့ တိုက်တွန်းလိုပါတယ်။ (ရန်ကုန်မြို့ မျက်စိဆေးရုံကြီးက မျက်စိပြင်ပ လူနာဌာနကိုလည်း နေ့စဉ်ဖွင့်လှစ်ထားတာမို့ မည်သူမဆို အခမဲ့ လာရောက်ပြသနိုင်ပါတယ်။ အရေးပေါ်လိုအပ်သည့် လူနာများအတွက်လည်း ၂၄ နာရီ ဖွင့်လှစ်ထားရှိပါတယ်။) နောက်ဆုံးတစ်ခုကတော့ ဒီရာသီမှာ ကိုယ်ခံအားမြင့်မားစေဖို့အတွက် အာဟာရဖြစ်စေမယ့် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို လုံလောက်စွာ စားသုံးဖို့လိုပါတယ်။ အထူးသဖြင့် ဗီတာမင်စီဓာတ်ကြွယ်ဝသော အစားအစာများနှင့် Vitamin C ကို တစ်နေ့လျှင် ၅၀၀မီလီဂရမ်မျှ (ဆရာဝန်ညွှန်ကြားချက်အရ) စားသုံးထားခြင်းဖြင့် ရောဂါကို ခံနိုင်ရည်စွမ်းအားမြင့်တင်ပေးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အိပ်ရေးဝဝအိပ်ပြီး ညဥ့်နက်သန်းခေါင်အထိ တီဗွီ၊ ဗီဒီယိုကြည့်ခြင်းကို ရှောင်ကြဉ်ကြဖို့ အရေးကြီးပါတယ်။

နိဂုံးချုပ်အားဖြင့် အထူးသတိပြုကာကွယ်ရမယ့် အချက်တွေဖြစ်တဲ့–

၁။ စက်ရုံ၊ အလုပ်ရုံ၊ ရုံးများ၊ စာသင်ကျောင်းများတွင် မျက်စိနာသူများ ရှိပါက မိမိတို့အိမ်တွင်သာ နားနားနေနေနေ၍ ဆေးကုသမှုခံယူစေခြင်းဖြင့် မျက်စိနာရောဂါ ကူးစက်ခြင်းမှ ကာကွယ်နိုင်ပါမယ်။

၂။ မျက်စိနာသူနှင့်အတူ ရေဇလုံတစ်ခုတည်းအတူ မျက်နှာသစ်၊ ရေချိုးခြင်းကို ရှောင်ကြဉ်ကြ၍ ရေကူးကန်များတွင် မျက်စိနာသူများနှင့်အတူ ရေကူးခြင်းကို ရှောင်ကြဉ်ရန်။

၃။ မျက်စိနာသူ၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံး၊ အိပ်ရာ၊ ဖောင်တိန်၊ မျက်မှန်စသည်တို့ကို အတူတကွအသုံးမပြုကြဘဲ သီးခြားသုံးစွဲရန်၊ တစ်ခါသုံး တစ်ရှူးစက္ကူစများဖြင့် မျက်ဝတ်များကို သုတ်ပြီးနောက် အမှိုက်ပုံးထဲသို့ သေချာစွာစွန့်ပစ်ရန်။

၄။ မလွှဲမရှောင်သာ၍ ကိုင်တွယ်ထိစပ်မိပါကလည်း ကိုင်တွယ်ပြီးသည်နှင့် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုရန်၊ မလိုအပ်ဘဲ မျက်စိကို လက်ဖြင့်ပွတ်ခြင်းမှ ရှောင်ကြဉ်ရန်။

၅။ အကယ်၍ မျက်စိအနည်းငယ်နီ၍ ခိုးလိုးခုလုခံစားလာရပါက ထိရောက်မှုမရှိသော ဆေးမြီးတိုများဖြင့် ကုသမနေကြဘဲ တတ်ကျွမ်းနားလည်သည့် သက်ဆိုင်ရာ မျက်စိဆရာဝန်များနှင့်သာ ကုသမှုခံယူကြ၍ အဖိုးအနဂ္ဃထိုက်တန်လှသည့် သင်၏စက္ခုအာရုံ မပျက်စီးမဆုံးရှုံးရလေအောင် ထိန်းသိမ်းကြပါစို့

လို့ တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

27-7 (10).p65 1 1/8/32, 10:43 PM

စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် တစ်နှစ်သုံးသီးစိုက်ပျိုးမှုကို သီးထပ်စွမ်းအားမြှင့်တင်အကောင်အထည်ဖော် စက်သုံးဆီအစားထိုး ခြစ်စည်းရိုးကြက်ဆူပင်များ မြေကွက်လပ်မကျန်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ပုသိမ်-ကံကုန်း-မြင်းကဆိပ်ကားလမ်းအတိုင်း မြောင်းမြမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ကန်ကြီးထောင့်မြို့နယ်နှင့် မြောင်းမြမြို့နယ်များအတွင်း ကားလမ်းဘေးဝဲယာတစ်လျှောက် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ၊ တစ်မိုးနှစ်သီး ပထမစပါးများအား ဒေသခံတောင်သူများမှ ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ဒုတိယစပါးစိုက်ပျိုးရန် ပျိုးထောင်ထားရှိမှု အခြေအနေ၊ လမ်းတံတားအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြောင်းမြ-အိမ်မဲကားလမ်းပေါ်ရှိ ကျွဲဝါးကျေးရွာအနီးမြို့ဝင် ဧက ၄၀၀ စံပြစိုက်ခင်း နည်းပညာပေး ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

၎င်းနောက် တိုင်းမှူးသည် ရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများအား တွေ့ဆုံရာ ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာဦးမြင့်ဦးက မြောင်းမြခရိုင်အတွင်း နှစ်စဉ်ရရှိသည့် မိုးရေချိန်၊ မြို့နယ်များတို့တွင် စပါးသုံးသီးစိုက်ပျိုးနိုင်မှုအခြေအနေနှင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးထားရှိမှု၊ တစ်မိုးနှစ်သီး စပါးများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ဒုတိယစပါးအတွက် သက်တမ်းတိုမျိုး စပါးများ မျိုးပွားဆောင်ရွက်ထားရှိမှု၊ နယ်မြေအလိုက်စမ်းသပ်စံပြကွက်များ အခြေအနေနှင့် တောင်သူများသို့ နည်းပညာပေးလက်တွေ့ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဖြည့်စွက်တင်ပြ

ထို့နောက် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မြောင်းမြခရိုင်၏ မိုးစပါးလျာထားဧက ပြည့်မီကျော်လွန်ရေးဆောင်ရွက်နေမှုနှင့် ခရိုင်၏ လယ်ယာကဏ္ဍမှ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးဝေက ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ အချိုးကျသုံးစွဲမှုဆိုင်ရာ စမ်းသပ်ကွက်များအခြေအနေနှင့် သက်တမ်းတို အထွက်ကောင်း အရည်အသွေးနှင့် စပါးမျိုးသစ်များ စမ်းသပ်အောင်မြင်မှုနှင့် ဒေသအတွင်း မျိုးဖြန့်ဖြူးမှုအခြေအနေများကိုလည်းကောင်း ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တက်ရောက်လာကြသော ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မား ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှု ဒေသတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်တိုးရေးအတွက် သက်ဆိုင်ရာဌာနများမှ နည်းပညာအကူအညီ ရယူဆောင်ရွက်ကြရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးမှုကို သီးထပ်စွမ်းအား မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ကန်သင်းပေါင်သီးနှံများ စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရေး၊ စက်သုံးဆီအစားထိုး ခြစ်စည်းရိုးကြက်ဆူပင်များအား မြေကွက်လပ်မကျန် စိုက်ပျိုးရေးနှင့်နိုင်ငံတော်ကကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ရေးကိစ္စရပ်များမှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ စံပြဧက ၄၀၀ စိုက်ခင်းတွင် ဒေသခံတောင်သူများအား စံပြနမူနာဆောင်ရွက်ထားသော စပါးစမ်းသပ်စိုက်ကွက်များ၊ လယ်ကန်သင်းပေါင် သီးနှံစိုက်ခင်းများနှင့် အီအမ်ဘိုကာရှိ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲမှုနည်းစနစ်များကို လည်းကောင်း၊ ဒေသခံတောင်သူများက ကောက်စိုက်အဖွဲ့များဖြင့် ဆင်းသွယ်လတ်မိုးစပါးများ ကောက်ကွက်ပြည့် စုပေါင်းစိုက်ပျိုးနေမှုလုပ်ငန်းခွင်ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများအား ဝတ်စုံများ ဂုဏ်ပြုပေးအပ်သည်။ **(ဝဲပုံ)**

စိုက်ပျိုးပြီးစီး

မြောင်းမြခရိုင်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၀၈၇၇၁၉ ဧက လျာထားချက်အပေါ် ယနေ့အထိ တစ်မိုးနှစ်သီး စပါးစိုက်ဧက ၂၈၈၈ ဧက အပါအဝင် စုစုပေါင်း ၆၆၇၈၈၃ ဧကရာခိုင်နှုန်းအားဖြင့် ၆၁ ဒသမ ၄၀ စိုက်ပျိုးပြီးဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၃၀-၇-၂၀၀၆ ရက်နေ့

၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်

၁၃-၈-၂၀၀၆ ရက်နေ့နှင့်

၂၇-၈-၂၀၀၆ ရက်နေ့

စာအုပ်စာစဉ်များ အချိန်မီဖြန့်ဝေနိုင်ရေးစီစဉ် စာစဉ်အဖြေလွှာများ စည်းကမ်းတကျဖြေဆိုတင်သွင်း အမှတ်ပေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအုန်းမြင့် လိုက်ပါလျက် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်အဝေးသင်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မာထွန်းက ယခုပညာသင်နှစ် အဝေးသင်တက္ကသိုလ်ကျောင်းသားအပ်နှံမှု၊ ကျောင်းသားများအတွက် သင်ထောက်ကူပစ္စည်းများဖြန့်ဝေမှု၊ ကျောင်းသားများစာစဉ် ဖြေဆိုတင်သွင်းမှု၊ အတန်းတင်စာမေးပွဲကျင်းပရေးစီမံချက်၊ လာမည့် ပညာသင်နှစ်အတွက် သင်ထောက်ကူပစ္စည်းများ အချိန်မီဖြန့်ဝေနိုင်ရေး စီစဉ်ထားမှု၊ e-Education Learning Centre များ ကျယ်ပြန့်စွာ အသုံးပြုရေးစာတမ်းနှင့်အဝေးသင်တက္ကသိုလ်အရည်အသွေးမြှင့်တင်ရေး စာတမ်းပြုစုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လာမည့်ပညာသင်နှစ် စာအုပ်စာစဉ်များ အချိန်မီ ဖြန့်ဝေနိုင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်ထားရေး၊ ကျောင်းသားများ စာစဉ်အဖြေလွှာများကို စည်းကမ်းတကျဖြေဆိုတင်သွင်းရေး၊ အဖြေလွှာများကို အမှတ်ပေး စည်းမျဉ်းစည်းကမ်းများနှင့်အညီစစ်ဆေးရေး၊ ကျောင်းအပ်နှံမှုလက်ခံရာတွင် စနစ်တကျဆောင်ရွက်ရေး၊ လက်တွေ့သင်ခန်းစာများကို ထိရောက်စွာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်သို့ ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် ဆရာ ဆရာမများအားတွေ့ဆုံရာ ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများပြည့်စုံစွာ ဖြည့်ဆည်းထားရေး၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် Language Lab ၌ ဂျပန်ဘာသာနှင့် တရုတ်ဘာသာ သင်ကြားမှု၊ ဂျပန်ဘာသာစကားသင်ယူမှုအထောက်အကူပြု ပြဇာတ်တင်ဆင်မှု၊ စီဒီရွမ်အသုံးပြု၍ပြင်သစ်ဘာသာသင်ကြားမှု၊ ကွန်ပျူတာလေ့ကျင့်သင်ကြားမှု၊ ဗီဒီယိုဖြင့် ကိုရီးယားဘာသာသင်ကြားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အသင်းဝင်များ နိုင်ငံတော်၏ ပကတိအခြေအနေသိမြင် နယ်မြေအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇူလိုင် ၂၃ရက် ညနေ ၆နာရီက ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မျိုးဆက်အားမာန်ခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မအူပင်ခရိုင် အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်နှင့် မအူပင်မြို့နယ် အတွင်းရေးမှူး ဦးသန်းထွန်းတို့က ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများတွင် အသင်းဝင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အသင်းဝင်များအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေများကိုသိမြင်၍ မိမိတို့၏ နယ်မြေအလိုက် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့်နယ်မြေလူထု၏ စုစည်းညီညွတ်သောအားဖြင့် ရည်မှန်းချက်များအောင်မြင်စေရန်အတွက် စည်းရုံးဆောင်ရွက်သွားရေး မှာကြားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဇူလိုင် ၂၁ ရက်က ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲအခမ်းအနား ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးစံလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုတွင်းပြိုင်ပွဲများ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၆ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ စတုတ္ထနေ့ အုပ်စုတွင်းနောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၈နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ (ဂ) အုပ်စုတွင် တနင်္သာရီက ကရင်ကို ၅၃ မှတ်–အမှတ် ၄၀ ဖြင့်လည်းကောင်း (ဃ) အုပ်စုတွင် ရှမ်းမြောက်က ကချင်ကို ၆၆မှတ်–၆၂မှတ်ဖြင့်လည်းကောင်း၊ (က) အုပ်စုတွင် ရှမ်းတောင်က ရခိုင်ကို ၈၂မှတ်–၂၇မှတ်ဖြင့်လည်းကောင်း၊ မွန်က မကွေးကို ၅၄မှတ်–၃၅ မှတ်ဖြင့်လည်းကောင်း၊ (ခ) အုပ်စုတွင် ရန်ကုန်က ဧရာဝတီကို ၅၃ မှတ်–၃၃မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား (ခ) အုပ်စုပွဲစဉ်တွင် ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

အနိုင်ရရှိ

အမျိုးသမီးပြိုင်ပွဲ (ခ)အုပ်စုတွင် ပဲခူးက ရှမ်းမြောက်ကို ၅၂မှတ်–၁၃ မှတ်ဖြင့်လည်းကောင်း၊ (က)အုပ်စုတွင် မကွေးက တနင်္သာရီကို ၃၂ မှတ်–အမှတ် ၂၀ ဖြင့်လည်းကောင်း၊ စစ်ကိုင်းက ရှမ်းတောင်ကို ၅၇ မှတ်–၂၈မှတ်ဖြင့်လည်းကောင်း၊ (ခ)အုပ်စုတွင် ဧရာဝတီက မွန်ကို ၂၅ မှတ် – အမှတ် ၂၀ ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။ ဇူလိုင်၂၇ရက် **(ယနေ့)** နံနက်၈နာရီမှစ၍ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ထိန်းသိမ်းရေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၀ရက်က အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ထူးထူးအောင်နှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် ပညာရေးမှူး၊ အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊အတွင်းရေးမှူး အဖွဲ့ဝင်ဒေါက်တာသက်သက်ဇင်က ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ထိမ်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောပို့ချသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

မုတ်သုံဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် ပထမအကြိမ် မုတ်သုံဖလားအိုးပင်းစစ်တုရင်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁နာရီက အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ခန်းမ၌ကျင်းပရာ ပြိုင်ပွဲဝင်အမျိုးသား ၉၇ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကျင်းပ

အဆိုပါပြိုင်ပွဲတွင် ပထမဆုကြေး ကျပ်ငါးသောင်း၊ ဒုတိယဆုကြေး ကျပ်သုံးသောင်း၊ တတိယဆုကြေး ကျပ်နှစ်သောင်း၊ စတုတ္ထနှင့် ပဉ္စမဆုကြေး ကျပ်တစ်သောင်းစီချီးမြှင့်မည်ဖြစ်သည်။ ရမှတ်တူညီလျှင် အချိုးကျခွဲဝေယူရမည်ဖြစ်သည်။ ပြိုင်ပွဲကို ဇူလိုင်၂၂ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ကြေးတံဆိပ်ဆု

မီတာ ၇၀ Compound အမျိုးသား တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၌ ကြေးတံဆိပ် ဆွတ်ခူးရရှိသည့် လင်းနိုင်။

(မြန်မာ့အလင်း)

ပထမအကြိမ် မုတ်သုံဖလားအိုးပင်းစစ်တုရင်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ခန်းမ၌ကျင်းပစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

အာရှပတ်လည်မြားပစ်ပြိုင်ပွဲ ယှဉ်ပြိုင် မြန်မာအဖွဲ့ ငွေနှင့်ကြေး ထပ်မံဆွတ်ခူး

ရန်ကုန် ဇူလိုင် ၂၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာမြားပစ်အားကစားအဖွဲ့သည် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ရပ်တည်

မြန်မာမြားပစ်အဖွဲ့အတွက် ငွေတံဆိပ်တစ်ခုကို တင်ဇင်အိက Compound အမျိုးသမီးတစ်ဦးချင်း (ရှုံးထွက်) ပြိုင်ပွဲတွင် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ တင်ဇင်အိသည် ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ၌ အိန္ဒိယမှ အားကစားသမားကို ၁၁၃မှတ်–၁၀၁ မှတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်တွင် ထိုင်းမှ အားကစားသမားကို ၁၀၇မှတ်–၁၀၄ မှတ်ဖြင့် လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် မလေးရှားမှ အားကစားသမားကို အမှတ် ၁၁၀ – ၁၀၅ မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် အာရှ Compoundထိပ်သီးအားကစားမယ်ဖြစ်သည့် Amya Paz (ဖိလစ်ပိုင်)နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ၁၀၉မှတ် – အမှတ် ၁၁၀ ဖြင့် တစ်မှတ်တည်းဖြင့် ရှုံးနိမ့်ကာ ဒုတိယငွေတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။ ရွှေတစ်ခု၊ ငွေတစ်ခုရရှိသော တင်ဇင်အိသည် ပြိုင်ပွဲဝင် Compound အမျိုးသမီး၂၄ဦးအနက် ဒုတိယ၌ ရပ်တည်လျက်ရှိသည်။

ကြေးတံဆိပ်တစ်ခုကို လင်းနိုင်က မီတာ၇၀ Compoundအမျိုးသား တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ တတိယလုပွဲတွင် မလေးရှားမှ အားကစားသမားကို ၁၁၆ မှတ်–၁၀၉ မှတ်ဖြင့် အနိုင်ရရှိ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာမြားပစ် အားကစားအဖွဲ့သည် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ **(မြန်မာ့အလင်း)**

NLD ပါတီ၏ လုပ်ရပ်များအပေါ်စိတ်ကုန်လာ ပါတီဝင်များအဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသောကြောင့် မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၁၈ဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသောဥက္ကဋ္ဌ ဦးကျော်ဝေ၊အတွင်းရေးမှူး ဦးကြည်အေး၊ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းကြည်၊ ပါတီအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်ဒီဇင်၊ ဦးတင်ညို၊ ဒေါ်ကြည်ကြည်ငွေ၊ ဦးကျော်လှိုင်၊ ဦးလှထွန်း၊ ဦးလှအေး၊ ဦးဝင်း၊ ဒေါ်စိုးစိုးဝေ၊ ဦးခင်မောင်မြင့်၊အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းလှိုင်၊ ဦးသောင်းမြင့်၊ ဦးမြဝင်းမောင်၊ ဦးလှဝင်း၊ ဦးသန်းမြင့်နှင့် ဒေါ်အေးအေးမြတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း ဇူလိုင် ၁၂ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ NLDပါတီဝင် ၁၈ဦးတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ကုန်လာသဖြင့် NLDပါတီဝင်များအဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်အဖြစ်မှ လည်းကောင်း၊ NLD ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ပြစ်ဒဏ်ခံ အီတလီကလပ်အသင်းများ ပြစ်ဒဏ်လျှော့ပေါ့ ဂျူဗင်းတပ်စ်မှ လွဲ၍ ကျန်သုံးသင်း စီးရီးအေသို့ပြန်ရောက်လာ

ရောမ ဇူလိုင် ၂၆

အီတလီစီးရီးအေ ထိပ်တန်းကလပ်အသင်းလေးသင်းသည် ပြီးခဲ့သော ဘောလုံးရာသီက လုပ်ပွဲများကစားခဲ့မှုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်များချမှတ်ခံခဲ့ရသည်။

လျှော့ပေါ့ပေး

ထိုသို့ ပြစ်ဒဏ်များ ချမှတ်ခံရသဖြင့် အသင်းလေးသင်းက အယူခံတင်သွင်းခဲ့ရာ ပြစ်ဒဏ်များပြန်လည်လျှော့ပေါ့ပေးခဲ့ကြောင်း သိရသည်။

အဖြတ်ခံရမည်

လာဇီယိုနှင့် ဖီအိုရင်တီးနားအသင်းတို့သည် စီးရီးအေ မူလနေရာပြန်လည်ရောက်ရှိသွားသည်။ သို့ရာတွင် လာမည့်ရာသီ၌ ရမှတ်အဖြတ်ခံရမှုများ တိုးသွားသည်။ ဖီအိုရင်တီးနားအသင်းသည် မူလပြစ်ဒဏ်အရ ရမှတ် ၁၂ မှတ်အဖြတ်ခံရခြင်းမှ ၁၉ မှတ်အထိ တိုးပြီး အဖြတ်ခံရမည်ဖြစ်သည်။ လာဇီယိုအသင်းသည် ၇ မှတ်မှ ၁၁ မှတ် အဖြတ်ခံရမည်ဖြစ်သည်။

ဂျူဗင်းတပ်စ်အသင်းသည် မူလပြစ်ဒဏ်အရ စီးရီးဘီ၌သာ ကစားရမည်ဖြစ်သည်။ သို့ရာတွင် လာမည့်ရာသီတွင် ရမှတ် ၃၀ အဖြတ်ခံရမည့်အစား ၁၇ မှတ်သာ အလျှော့ခံရတော့မည်ဖြစ်သည်။

အေစီမီလန်အသင်းသည် စီးရီးအေတွင် ဆက်လက်ကစားရမည်ဖြစ်ပြီး မူလပြစ်ဒဏ်ရမှတ် ၁၅မှတ် အဖြတ်ခံရမည့်အစား ရမှတ် ၈ မှတ်သာ အဖြတ်ခံရတော့မည်ဖြစ်သည်။

မီလန်အသင်းသည် မူလက ဥရောပတစ်ခွင် ကစားခြင်းကို ပိတ်ပင်ခံထားရာမှ ချန်ပီယံလိဂ်ခြေစစ်ပွဲများတွင် ကစားခွင့်ရရှိသွားသည်။

အတည်ပြု

သို့ရာတွင် အီတလီဘောလုံးအဖွဲ့ချုပ် တရားရုံးက ဂျူဗင်းတပ်စ်အား မူလပြစ်ဒဏ်ချမှတ်ထားသော ပြီးခဲ့သော နှစ်ရာသီက ဖလားနှစ်လုံးကို ပြန်သိမ်းရန်ဆုံးဖြတ်ချက်မှာ အပြောင်းအလဲမရှိဘဲ အတည်ပြုလိုက်သည်။ ။

(အင်တာနက်)

ရေးသားတင်ပြသူ

မြင့်မောင်စိုး

အပြစ်ပေးအရေးယူခံရသော အီတလီစီးရီးအေအသင်း လေးသင်း၏ အမှတ်တံဆိပ်များ။

(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်ရောက် ရိုဆစ်စကီး ပွဲဦးထွက် ခြေစွမ်းပြကစားပြီ

လန်ဒန် ဇူလိုင် ၂၆

ကမ္ဘာ့ဖလားမတိုင်မီက အာဆင်နယ်အသင်းက ခေါ်ယူလိုက်သော ချက် နာမည်ကြီး သောမတ်စ်ရိုဆစ်စကီးသည် ဇူလိုင် ၂၅ ရက်က အာဆင်နယ်နှင့် အက်စ်ဗွီမက်သာစဘတ်ဂျ်အသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားရာတွင် ပွဲဦးထွက်အဖြစ် ခြေစွမ်းပြကစားခဲ့သည်။

လူစားဝင်ကစား

ရိုဆစ်စကီးသည်ဒေါ့တ်မွန်အသင်းမှ ကမ္ဘာ့ဖလားမတိုင်မီတွင် အာဆင်နယ်သို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ပွဲဦးထွက်အဖြစ် ဩစတြေးလျနိုင်ငံ ဗီယင်နာ၌ ကျင်းပသော အဆိုပါ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယပိုင်းတွင် လူစားဝင်ကစားခဲ့သည်။

တစ်ဂိုးနစ်နာ

၎င်းသည် တစ်ဂိုး ဖန်တီးပေးခဲ့သည်။ သို့သော်လည်း လူပိုလီဘောလုံးမဖိလိုက်သဖြင့် တစ်ဂိုးနစ်နာသွားသည်။

ထိုပွဲတွင် အာဆင်နယ်အတွက် အနိုင်ဂိုးများကို အဒီဘေယာနှင့် အီဘော့တို့က သွင်းယူပေးခဲ့သည်။ ပိုတော့စကာက အက်စ်ဗွီအသင်းအတွက် ချေပဂိုးသွင်းခဲ့သည်။

(အင်တာနက်)

အာဆင်နယ်ရောက် ချက်ကွင်းလယ်ကစားသမား ရိုဆစ်စကီး။

(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးမှ ခေါ်ယူမည့် ဘာမင်ဂမ် တောင်ပံကစားသမား ပင်းနင့်။

(ဓာတ်ပုံ-အင်တာနက်)

ဘာမင်ဂမ် တောင်ပံကစားသမား ဂျာမိန်းပင်းနင့် လီဗာပူးအသင်း ခေါ်ယူနိုင်တော့မည်

လီဗာပူး ဇူလိုင် ၂၆

လီဗာပူးအသင်းသည် ဘာမင်ဂမ်တောင်ပံကစားသမား ဂျာမိန်းပင်းနင့်အား ပေါင် ၆ဒသမ၂သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အသက် ၂၃နှစ်အရွယ်ရှိ အဆိုပါကစားသမားကို လီဗာပူးက မူလကမ်းလှမ်းချက် ပေါင် ၃ဒသမ၅သန်းဖြင့် ခေါ်ယူခြင်းကို ပယ်ချခဲ့ကြောင်း ဘာမင်ဂမ်က ဇူလိုင်၂၅ရက်၌ ထုတ်ဖော်ပြောကြားသည်။

ထိုကစားသမား ခေါ်ယူရေးအတွက် လီဗာပူး၏ ကမ်းလှမ်းချက်ကို ဘာမင်ဂမ်အသင်းက လက်ခံအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘာမင်ဂမ်က ပြောကြားသည်။

လီဗာပူးမန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်က ယခုသီတင်းပတ်အကုန်တွင် နောက်ထပ် ကစားသမားနှစ်ဦး ခေါ်ယူမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ရက်က ပြောကြားထားခဲ့သည်။

ဆွေးနွေးနေ

ပင်းနင့်သည် အဆိုပါကစားသမားနှစ်ဦးထဲမှ တစ်ဦးဖြစ်ရန် သေချာနေသည်။ လီဗာပူးမှ နောက်ခေါ်ယူမည့်တစ်ဦးမှာ နယ်သာလန်အသင်းမှ ဒါကူချ်ဖြစ်လာနိုင်သည်။ ၎င်းကစားသမား ခေါ်ယူရေးအတွက် လီဗာပူးနှင့်ဖီယင်နအသင်းတို့ ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

ကမ္ဘာ့ဘောလုံးသတင်းများ၏ နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီးအတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားအတွက် တောင်အာဖရိကစတင်ပြင်ဆင်

၂၀၁၀ပြည့်နှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တောင်အာဖရိကနိုင်ငံက စတင်ပြင်ဆင်လျက်ရှိပြီဖြစ်ကြောင်း တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်က ပြောကြားလိုက်သည်။

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အားကစားကွင်းများ တည်ဆောက်ရေးကို အမေရိကန်ဒေါ်လာ ၈၅၈ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးကို တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း တောင်အာဖရိကဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ဒန်နီဂျော်ဒန်က ပြောကြားသည်။

တောင်အာဖရိကနိုင်ငံအနေဖြင့် ဘောလုံးကွင်းသစ်ကြီး လေးကွင်းကို စတင် တည်ဆောက်မည်ဖြစ်ပြီး ပို့စ်အယ်လီဇဘတ်မြို့တွင် တည်ဆောက်သည့် ဘောလုံးကွင်းသစ်ကို အောက်တိုဘာ၌ စတင် တည်ဆောက်မည်ဖြစ်ပြီး ဂျိုဟန်နစ္စဘတ်မြို့တွင်ရှိသော အားကစားကွင်းအား အဆင့်မြှင့်တင်ပြုမှုကို နိုဝင်ဘာတွင် ပြုလုပ်မည်ဖြစ်သည်။ ဂျိုဟန်နစ္စဘတ်ကွင်းကို ၂၀၁၀ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲ ကျင်းပရန် စီစဉ်ထားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကလည်း တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်သို့ ရန်ပုံငွေ တောင်အာဖရိကနိုင်ငံ သုံးငွေ ၃ ဒသမ ၂ ဘီလီယံပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ဖီဖာအနေဖြင့် တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်သို့ အမေရိကန်ဒေါ်လာ သန်း ၁၃၀ ဆက်လက်ပေးသွားမည်ဖြစ်သည်။

တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကိတ်တောင်းမြို့တွင် လူ ၇၀၀၀၀ ဆံ့သော ဘောလုံးကွင်းသစ်ကြီးတစ်ခုကို တည်ဆောက်မည်ဖြစ်ပြီး ၎င်းဘောလုံးကွင်း၏ ခေါင်မိုးမှာ ဖွင့်နိုင်၊ ပိတ်နိုင်သော ခေါင်မိုးအရှင်ဖြင့် တည်ဆောက်မည်ဖြစ်သည်။ ၎င်းကွင်း၌ အကြိုဗိုလ်လုပွဲတစ်ပွဲကစားရန် စီစဉ်ထားသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

(ဓာတ်ပုံ-အင်တာနက်)

ဂျိုဟန်နစ္စဘတ်ရှိ အားကစားကွင်းသည် လက်ရှိလူ ၇၀၀၀၀ ဆံ့မှ လူတစ်သိန်းလေးထောင်ဆံ့သော ကွင်းအဖြစ် အဆင့်မြှင့်ပြုပြင်တည်ဆောက်မည်ဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲများကစားရန် စီစဉ်ထားသည်။

လက်မှတ်သုံးသန်း ရောင်းချမည်ဖြစ်ရာ လက်မှတ်အရေအတွက် သုံးပုံတစ်ပုံမှာ တောင်အာဖရိက၊ နောက်ထပ်သုံးပုံတစ်ပုံမှာ နိုင်ငံတကာ ဘောလုံးပရိသတ်များနှင့် နောက်သုံးပုံတစ်ပုံမှာ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် ဖီဖာတို့အတွက်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

ဘရာဇီးအသင်းသားများကို ဒွန်ဂါ တွန်းအားပေးပြီ

ဘရာဇီးနည်းပြသစ်အဖြစ် တာဝန်ပေးခံရသော ဒွန်ဂါ **(အောက်ပုံ)** က ဘရာဇီးဘောလုံးသမားများသည် နိုင်ငံ့အသင်း အတွက် မိမိတို့၏စိတ်၊ ဝိညာဉ်၊ ခံစားမှုနှင့် ရုပ်ပိုင်း ဆိုင်ရာများအားလုံး အစွမ်းကုန်ပေးဆပ်ကြရန် တွန်းအား ပေးလိုက်သည်။



ဘရာဇီးဘောလုံးသမားများသည် အရည်အချင်းမြင့်မားသူများဖြစ်ကြောင်း၊ သို့ရာတွင် စိတ်ဓာတ်တက်ကြွမှု မြင့်မားရန်လိုအပ်နေကြောင်း၊ မိမိ မည်သို့ဆောင်ရွက်ရမည်ကိုသိကြောင်း၊ နိုင်လိုစိတ် ပြင်းထန်တက်ကြွနေသော ဘောလုံးသမားများဖြစ်အောင် မိမိလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘရာဇီးနည်းပြ ဒွန်ဂါက ပြောကြားလိုက်သည်။

ပေါ်တူဂီဂိုးသမား ရီကာဒိုအား ဝက်စ်ဟမ်းခေါ်ယူရန်ကြိုးစား

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ပေါ်တူဂီဂိုးသမားရီကာဒိုအား မိမိတို့အနေဖြင့် ယူရိုငွေ ငါးသန်းဖြင့် ခေါ်ယူရန်အသင့်ရှိကြောင်း ဝက်စ်ဟမ်းကလပ်က ပြောကြားလိုက်သည်။

အသက် ၃၀အရွယ်ရှိ ရီကာဒို **(ဝဲပုံ)** သည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ငါးပွဲကစားခဲ့ရာတွင် နှစ်ဂိုးသာ အသွင်းခံခဲ့ရသူဖြစ်သည်။ ရီကာဒိုသည် လက်ရှိ စပို့တင်းလစ္စဘွန်းကလပ်၌ ကစားနေသူဖြစ်ပြီး လက်ရှိအချိန်တွင် စပို့တင်းလစ္စဘွန်း၌သာ ပျော်ပိုက်လျက်ရှိကြောင်းရီကာဒိုက ပြောကြားသည်။

ဆန်းဒါးလန်းအသင်းနည်းပြ ဖြစ်လာသည့် နီလ်ကွင်း။ (ဓာတ်ပုံ-အင်တာနက်)

ဆန်းဒါးလန်းနည်းပြအဖြစ် နီလ်ကွင်းအားခန့်အပ်

ဆန်းဒါးလန်းနည်းပြသစ်အဖြစ် နီလ်ကွင်းအားခန့်အပ်လိုက်ကြောင်း ဆန်းဒါးလန်းကလပ်က သတင်းထုတ်ပြန်လိုက်သည်။ နီလ်ကွင်းသည် ဆန်းဒါးလန်းတိုက်စစ်မှူးဟောင်း တစ်ယောက်ဖြစ်ပြီး ယခုအခါ ဆန်းဒါးလန်း နည်းပြတာဝန်ယူရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း နီလ်ကွင်းက ပြောကြားသည်။

ဘောလုံးသမားတိုင်းကို စိတ်ကျေနပ်အောင် မော်ရင်ဟို မလုပ်နိုင်ဟုဆို

ချယ်လ်ဆီးတွင်ရှိသော ဘောလုံးသမားများ၏ ဆန္ဒကိုလိုက်ပြီး စိတ်ချမ်းသာအောင် မိမိမပြုလုပ်ပေးနိုင်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။

ယခုနှစ်၌ ရှက်ဗ်ချင်ကိုနှင့်မိုက်ကယ်ဘောလက်တို့ ရောက်ရှိလာခဲ့ကြောင်း၊ ထိပ်တန်းဘောလုံးသမားများကို ကိုင်တွယ်ရသည်မှာ မလွယ်ကူကြောင်း၊ မိမိအနေဖြင့် ဘောလုံးသမားများ စိတ်ကြိုက် လုပ်မပေးနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ချန်ပီယံထပ်မံဖြစ်ရေး လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ။

(အင်တာနက်)

လူပျောက်ကြော်ငြာ

ကျွန်မ၏အဘိုးဖြစ်သူ ဦးစန်းအောင် (ခ)ဦးနတ်ပေး DNU-၀၃၄၀၃၅ အသက်(၈၄)နှစ်သည် ဇူလိုင် ၂၃ရက်တွင် ရန်ကုန်-အင်းစိန်လမ်းမ ဘူတာရုံလမ်း ကားမှတ်တိုင်အနီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်-
ဖုန်း-၇၂၅၅၀၄၊ ၀၉-၅၀၀၅၉၄၃၊ ၀၉-၅၁၆၈၃၂၆
မဥမ္မာဦး(လှိုင်)

ဖခင်အမည်မှန်

အထက(၁)အင်းစိန် တက္ကသိုလ်ဝင်တန်း(A)မှ နော်မရီးခရစ်၏ ဖခင်အမည်မှန်မှာ ဦးစောဂျိမ်းစက် ၁၂/အစန(နိုင်)၀၄၁၁၀၃ ဖြစ်ပါသည်။

ဦးစောဂျိမ်းစက်။

အမည်ပြောင်း

အဖ ဦးချစ်ထူး၏သမီး အထက (၃)မြောက်ဒဂုံ၊ အဋ္ဌမတန်း(K)မှ မအားရှိလာအား မမီနှေးဟု ပြောင်းလဲခေါ်ပါရန်။

မမီနှေး။

ပျောက်ဆုံးခြင်း

ဦးတင်မောင်ထူး ပိုင်ဆိုင်သော ၂က/၉၉၄၄ မော်တော်ယာဉ် အခွန်ပုံစံ(၁)စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

အမှတ် ၄၅၊ တေးနုယဉ်လမ်း၊ (၇)ရပ်ကွက်၊မရမ်းကုန်း။

ရောင်းရန်

၁။ အင်းစိန်၊ မြေ(ပေ ၈၀ x ပေ ၇၀)၊ ဂိုဒေါင်(ပေ ၈၀ x ပေ ၆၀၊ ထပ်ခိုးပါ)၊ အဝီစိရေ၊ မီး ၄၄၀ ပါဝါ။
၂။ လှိုင်သာယာစက်မှုဇုန်(၅)၊ မြေ(တစ်ဧကကျော်)
၃။ ဂျပန်မီးစက်(45-KVA) Super Sound Proof ၃၆နာရီသာ သုံးထားသည်။

ဆက်သွယ်ရန်
ဖုန်း-၅၂၇၁၁၈၊ ၅၃၆၀၅၂။

အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၁၀၊ ဒုတိယထပ်(ယာ)၊ ၁၆၂လမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊တာမွေမြို့နယ်နေ ဒေါ်ဝင်းဝင်းရီ၏မြေး၊ ဦးသူရ၏သားဖြစ်သူ မောင်ဇင်လင်းမောင်သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် မြေးအဖြစ်၊ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ဝင်းဝင်းရီ (အဘွား) AC - ၀၅၉၉၀၀၊
ဦးသူရ (ဖခင်) ၁၂/တမန(နိုင်)၀၅၄၁၂၀။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၉၈၃၀ Toyota MarkII° SW°°လက်ဝယ်ရှိသူ အမည် ဦးသန်းရွှေ မှတ်ပုံတင်အမှတ် ၁၂/စခန(နိုင်)၀၂၂၉၁၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊အနောက်ပိုင်းခရိုင်ရုံး၊(ရန်ကုန်မြို့)။

ဇူလိုင်၂၃ရက်က မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ်၆၂၈/၆၃၂ ပထမထပ်ရှိ မန္တလေးအသင်း ရတနာပုံအနုပညာခန်းမတွင်ပြုလုပ်ရာ တာမွေမြို့နယ် မင်္ဂလာဇေယျုံကျောင်းတိုက်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသ အမှူးပြုသည့် သံဃာတော်များအား အသင်းဝင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျိုက်သုတ်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းအပြင် ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဖုန်း-၀၅၇-၂၄၆၉၀၊ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၆၃၃၇၅နှင့် အဖွဲ့ဝင် ဦးဝင်းကြည် ဖုန်း-၀၅၇-၂၂၆၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အလုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အလုပ်သမားဝန်ထမ်းမိသားစုက (၂၉)နှစ်မြောက် အမှတ်တရအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင် ကျပ်နှစ်သိန်းငါးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

ရွှေသာလျောင်းကျောက်ဆင်းတု သီတင်းသုံးတော်မူရန် ဂန္ဓကုဋိတိုက် အုတ်မြစ်တော်စီမင်္ဂလာကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင်မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်အတွင်း တည်ထားကိုးကွယ်မည့် ရွှေသာလျောင်းကျောက်ဆင်းတုရုပ်ပွားတော် သီတင်းသုံးတော်မူရန် (ဂန္ဓကုဋိတိုက် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား)ကို ယနေ့နံနက် ၈နာရီတွင် ရင်ပြင်တော်ပေါ်၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်ကြီးအမှူးပြုသော ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ဂေါပကဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် အောင်မြေဘုံစံကျောင်းဆရာတော်ကြီး အမှူးပြုသော သံဃာတော်များက ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့အား သတ်မှတ်နေရာများ၌ အုတ်မြစ်တော်စီပေးကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရပ်သိမ်းခဲ့ကြသည်။ အဆိုပါ ဂန္ဓကုဋိတိုက် တည်တော်မူမည့်လုပ်ငန်းတွင် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၃၈၃၇၉၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့်လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့်ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကမ်းရိုးတန်းဒေသများ၌ မိုးပိုလာနိုင်

ရန်ကုန် ဇူလိုင် ၂၆

လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ဇူလိုင် ၂၇ရက် ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးဝေစည် တိုင်းရေဝတီ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"ဟိုဘက်ရွာ ခနိတန်းနဲ့
တို့ကမ်းက အုန်းညီနောင်
ချောင်းရေကဖောင်၊
အလယ်ခေါင် သောင်ပေါ်လို့ထွန်း၊
ရေပြင်မှာ ပက်လက်ကလေး
မေးရှာတဲ့ကျွန်း။
ကျွန်းသောင်ကို ဒီတိုးတော့
ကျူပြင်ရိုး တစ်တိုင်နှစ်တိုင်
ယိမ်းခါလို့ယိုင်၊
နတ်ပူးတဲ့တိုင်၊ ယိုင်ပါပေ့လေး၊
အုန်းယူခဲ့ဟေး၊ ထန်းယူခဲ့ဟေး၊
ပုစဉ်းပျံ ဘယ်တိုင်ဖျားမှာ
နားရမယ်လေး။"

(ဆရာဇော်ဂျီ)

စာရေးသူတို့သည် ရေဝတီ၏ ပင်လယ်ကမ်းခြေဒေသသို့ ရောက်ရှိခဲ့သည်။ လှပသော မြန်မာတို့၏ မြစ်ကြီးရေဝတီက ရေထဲမှာငါး၊ ကုန်းပေါ်မှာစပါး၊ ချောင်းပေါ်မှာတံတားဆို၍ ဤနေရာတွင် မြစ်ဝမြေနုကျွန်းပေါ်အဖြစ် တည်ထွန်းနေသည်။ ရေဝတီမြစ်ဝကျွန်းပေါ်၏ ရေဝတီတိုင်းတွင် ခရိုင်ငါးခုရှိရာမှ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်တို့တွင် စပါး၊ သားငါးများ ပေါများစွာ ထွက်ရှိသည်။

စာရေးသူတို့သည် ရေဝတီတိုင်း၊ ဘိုကလေးမြို့နယ် ရေကျေးရွာသို့ ရန်ကုန်မှ ရေလမ်းခရီးဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မှ ဘိုကလေး၊ ထိုမှတစ်ဖန် ဘိုကလေးမြစ်အတိုင်း အောက်ဘက်သို့ စုန်ဆင်း၍ မိန်းမလှကျွန်းကြီးကို ကျော်လွန်ကာ ကပ္ပလီပင်လယ်ဝ ကျွန်းကြီးပေါ်ရှိ ကဒုံကနိရွာသို့ ရောက်ပြီး ထိုမှ လိပ်သောင်ရေကျော်ချောင်း အတိုင်း ကျွန်း၏အနောက်ဘက်ရှိ ရေရွာသို့ ရောက်ရှိခဲ့ကြသည်။

ထန်း၊ ထနောင်း၊ ဂူ၊ ကျောင်း၊ တောင်ကုန်း၊ တောင်ကတုံးစေတီနှင့် မန်ကျည်းရိပ်၊ တမာရိပ်ဝန်းကျင်အညာဒေသမှ ပြန်လာခဲ့သော စာရေးသူအတွက် ဤဒေသ၏ သမဲ့တန်း၊ လမုတန်း၊ သင်ပေါင်းတော၊ ဓနိတော၊ အုန်းတောနှင့် မီးသွေးဖို၊ စန္ဒားနှင့်ငါးကွန်းရုပ်၊ ငါးစင်နှင့် ပိုက်တန်း စသည့် ပင်လယ်ရှုခင်းတို့ကို တွေ့မြင်ရသောအခါ အဆန်းလိုဖြစ်နေပြန်သည်။

ပင်လယ်ကမ်းခြေရှိ ရေရွာသို့ရောက်သောအခါ ကပ္ပလီပင်လယ်ပြင်ထဲတွင် ထီးတော်လွတ်ရုံ ရေထဲတွင် ကိန်းဝပ်စံပယ်နေသည့် မြတ်သဲလွန်စေတီတော်ကို တွေ့မြင် ဖူးမြော်ခဲ့ရသည်။

ရေဝတီမြစ်သည် မေခနှင့်မလိခ မြစ်နှစ်သွယ်ပေါင်းဆုံပြီး မြောက်မှတောင်သို့ စီးဆင်းခဲ့သည်။ မြစ်ဝကျွန်းပေါ် ဒေသတွင် မြစ်ခွဲပေါင်းများစွာ ဖြာထွက်၍ တောင်ဘက် ကပ္ပလီပင်လယ်ထဲသို့ စီးဝင်သည်။ မြစ်ခွဲပေါင်းများစွာ ဖြာထွက်ခဲ့သော ရေဝတီမြစ်ကြီး၏ ပင်မရေစီး မြစ်ကြီးကား ရေရွာအနီးတွင် ကပ္ပလီပင်လယ်ထဲသို့ စီးဝင်ခဲ့သည်။ ရေဝတီ မြစ်ဝသည် ရေရွာ၏ အနောက်မြောက် ယွန်းယွန်းတွင် တည်ရှိသည်။

ဘိုကလေးမြို့နယ်၏ တောင်ဘက်စွန်း ကပ္ပလီပင်လယ်ကမ်းခြေပေါ်ရှိ ထိုရွာကလေးကို ရေဝတီမြစ်နှင့် ကပ္ပလီပင်လယ်တို့ဆုံရာ ရေဝတီ မြစ်ဝအနီးတွင်ရှိ၍ ရေရွာဟုခေါ်သည်။

ရေရွာ၏မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် ရေဝတီမြစ်ဝ၊ အရှေ့နှင့်အရှေ့မြောက်ဘက်တွင် လိပ်သောင်ရေကျော်ချောင်း၊ အရှေ့တောင်၊ တောင်နှင့်အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့ ရှိသည်။ ရေဝတီမြစ်ဝ၊ လိပ်သောင်ရေကျော်ချောင်းနှင့် ကပ္ပလီပင်လယ်တို့အကြားတွင် တည်ရှိသော ရွာတန်းရှည်ဖြစ်သည်။ လိပ်သောင်ရေကျော်ချောင်းသည် ဘိုကလေးမြစ်ဝ၏ အနောက်ဘက်ကမ်းခြေမှ ရေဝတီ မြစ်ဝ၏ အရှေ့ဘက်ကမ်းခြေသို့ အရှေ့နှင့်အနောက် စီးဆင်းနေသည်။ ဘိုကလေးမြစ်ဝ၊ လိပ်သောင်ရေကျော်ချောင်းဝနှင့် ကပ္ပလီပင်လယ်ပြင်တို့ ဆုံရာတွင် ကဒုံကနိရွာရှိသည်။ လိပ်သောင် ရေကျော်ချောင်းသည် ရေရွာနှင့် ကဒုံကနိတို့ ဆက်သွယ်ရာ အတွင်းရေလမ်းဖြစ်သည်။

ဘိုကလေးမှ ကဒုံကနိသို့ ရေမိုင် ၃၄မိုင် ၆ဖာလုံ၊ ကုန်းမိုင် ၃၂မိုင် ၆ဖာလုံ၊ ကဒုံကနိမှ ရေရွာသို့ ရေမိုင် ၈မိုင် ၂ဖာလုံ၊ ကုန်းမိုင် ၇မိုင်၊ ဘိုကလေးမှ ရေရွာသို့ ရေမိုင် ၄၃မိုင်၊ ကုန်းမိုင် ၃၆မိုင် ၂ဖာလုံ ကွာဝေးသည်။ ရေရွာသို့သွားလိုလျှင် ဘိုကလေးမှ ဘိုကလေးမြစ်အတိုင်း တောင်ဘက်သို့ စုန်ဆင်း၍ ကျွန်းညိုကြီး၊ ဆန်ကျွန်း၊ ဗြန်းမွေးကျွန်းနှင့် ရေငန်ပိုင်ဦးရှင်ကြီး နတ်ကွန်းရှိရာ မိန်းမလှကျွန်းကြီး တို့ကို ကျော်၍ ဘိုကလေးမြစ်ဝ၊ လိပ်သောင်ရေကျော်ချောင်းဝနှင့် ကပ္ပလီပင်လယ်ကမ်းခြေရှိ ကဒုံကနိရွာသို့ ရောက်သည်။ ကဒုံကနိရွာမှ လိပ်သောင်ရေကျော်ချောင်းအတိုင်း အနောက်ဘက်သို့ ဆက်လက်သွားပါက ချောင်းအဆုံး ရေဝတီမြစ်ဝတွင် ကပ္ပလီပင်လယ်ကမ်းခြေရှိ ရေရွာသို့ ရောက်သည်။

ကဒုံကနိသို့ မသွားဘဲ ဘိုကလေးမြစ်ဝ မရောက်မီ ရေကျော်ကြီးချောင်းအတိုင်း အနောက်သို့သွားပါက ရေဝတီမြစ်သို့ ရောက်သည်။ ရေဝတီမြစ်အတိုင်း တောင်ဘက်သို့ စုန်ဆင်းက မြစ်ဝအလွန်တွင် ရေရွာသို့ ရောက်ပါသည်။ ကဒုံကနိမှ လိပ်သောင် ရေကျော်ချောင်းအတိုင်း မသွားဘဲ ပင်လယ်ပြင် ထွက်၍ ကျွန်းကိုပတ်ပြီး ပင်လယ်လမ်းအတိုင်း အနောက်သို့ သွားလျှင် ရေရွာသို့ရောက်သည်။ ရန်ကုန်မှ ရေရွာနှင့် ကဒုံကနိသို့ တိုက်ရိုက်ပြေးဆွဲသည့် ကုန်တင်မော်တော်ကြီးများရှိသည်။ ရန်ကုန်မှ ညနေ ၅နာရီထွက်လျှင် ရေရွာသို့ နောက်တစ်နေ့နံနက် ၁၀နာရီတွင် ရောက်သည်။

စာရေးသူတို့ကားလေးသည် ဘိုကလေးမြို့မှ ဖျာပုံဘက်သို့ တလိမ့်လိမ့် မောင်းနှင်လာသည်။ ဘယ်ဘက်မှာတော့ လယ်ယာစိုက်ခင်းများ၊ ညာဘက် မှာတော့ ဓနိခြံ၊ အုန်းခြံနှင့် ငါးလှမ်းစင်များ။ ဘိုကလေးကွင်းသည် နွေစပါးများ အလွန်စိုက်ပျိုး၍ စာရေးသူတို့ သွားရာကားလမ်းသည် ရေပြင်မှာ ပက်လက်ကလေး မေးရှာတဲ့ကျွန်း ဖြစ်နေတော့သည်။ ဖျာပုံကို ရောက်သောအခါ သက်လွတ်ချမ်းသာ လိပ်ဥကုန်း ဘုရားဝင်းထဲသို့ဝင်၍ အနားယူရင်း ဘုရားဝတ်ပြုကြသည်။

၂၂–၄–၂၀၀၆ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

"နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ ရေ၊ မြေ၊ ရာသီဥတု၊ လုပ်အားနှင့် အတတ်ပညာစွမ်းအား ပြည့်စုံရန်လိုအပ်ကြောင်း၊ ရေဝတီတိုင်းသည် ယင်းအခြေခံအချက်များနှင့် ပြည့်စုံသည့်တိုင်းဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏အထွေထွေ ခေတ်နောက်ကျခဲ့ရသည့် သမိုင်းကြွေးကြောင့် အတတ် ပညာစွမ်းအားပြည့်စုံရန် အတွက် အသိပညာ၊ အတတ် ပညာစွမ်းရည်ကို အစီအမံရှိရှိ ယခုမှမြှင့်တင်နေဆဲ ဖြစ်ကြောင်း၊ ထို့ကြောင့် ရေဝတီတိုင်း၌ ပုသိမ်၊ မအူပင်နှင့် ဟင်္သာတဟူ၍ ဖွံ့ဖြိုးရေးဒေသကြီးသုံးခု ဖွဲ့စည်းသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ ထူထောင်၍ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အိုင်တီပညာရှင်နှင့် အင်ဂျင်နီယာများ စုစုစည်းစည်းပေါ်ထွက်လာအောင် စီမံဆောင်ရွက်ပေးနေရကြောင်း။

ရေ၊ မြေ၊ ရာသီဥတုအခြေအနေကောင်းမှု၊ လုပ်အားပြည့်စုံမှုတို့ကို အတတ်ပညာစွမ်းရည်ဖြင့် ပေါင်းစပ်နိုင်လျှင် ရေဝတီတိုင်းသည် ယခုထက် ပိုမိုတိုးတက်သွားမှာ သေချာကြောင်း၊ ထို့ပြင် မြစ် ချောင်းပေါများပြီး ရေပတ်လည်ဝိုင်းနေသည့်အတွက် ကုန်းလမ်းကြောင်းအရ သွားလာဆက်သွယ်ရေး ခက်ခဲနေသည့် ရေဝတီတိုင်းအတွင်း၌ နိုင်ငံတော်အစိုးရက လိုအပ်သောလမ်းများ၊ တံတားများ တည်ဆောက် ဖန်တီး၍ ကုန်းလမ်းကြောင်း ထွက်ပေါက်ရရှိအောင် ဆောင်ရွက်ပေးလိုက်သဖြင့် လမ်းပန်းဆက်သွယ်မှု အခြေအနေကောင်းမွန်ပြီး ရေဝတီတိုင်းသည် အရှိန် အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း။

ယင်းအခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ စွမ်းအားပြည့် ကြိုးစားအားထုတ်လိုက်မည်ဆိုလျှင် ရေဝတီတိုင်းသည် နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုနေသည့် တိုင်းနယ်မြေအဖြစ် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်မှာဖြစ်သကဲ့သို့ ပြည်သူတစ်ဦးချင်း၏အကျိုးစီးပွား၊ ဒေသ၏အကျိုး စီးပွားလည်း ပိုမိုဖြစ်ထွန်းလာမှာဖြစ်ကြောင်း။"

ဟူ၍ရေဝတီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗိုလ်ချုပ်မှူးကြီးက လေးလေးနက်နက် မှာကြား ခဲ့သည်။

ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းမှာပြီးစီးခါနီးဖြစ်၍ သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် စနစ်တကျဂရုပြုလုပ်ကိုင် လျက်ရှိသည်။ ဖျာပုံမြို့သည် စီးပွားရေးအားကောင်းသည့် မြို့ဖြစ်၍ ဤတံတားကြီးပြီးစီးသွားပါက စီးပွားကုန်သွယ်မှုပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံး၌ ပေ ၁၈၀အထက် တံတားကြီးပေါင်း ၂၁၅ စင်း တည်ဆောက်ပြီးဖြစ်၍ ရေဝတီတိုင်း၌ မြစ်ကူး၊ ချောင်းကူး တံတားကြီးပေါင်း ၄၀ကျော်ကို တည်ဆောက်ပြီးဖြစ်သည်။ ရေဝတီတိုင်းသည် သွားရေးလာရေးလမ်းပွင့်သွားကာ စီးပွားရေးမှာလည်း သိသိသာသာဖွံ့ဖြိုးလာခဲ့သည်။

နိုင်ငံတော်၏ လမ်းကွန်ရက်၌ လိုအပ်သော တံတားကြီးများကို ပြည့်စုံလုနီးပါး တည်ဆောက်ပြီးဖြစ်သည်။ တံတားများနှင့် ဆက်စပ်နေသည့် လမ်းများကောင်းမွန်အောင် ထိထိရောက်ရောက် လုပ်ကိုင်ကြ ရမည်ဖြစ်သည်။ လမ်းများနှစ်ဟုသတ်မှတ်၍ လမ်းများကို ပိုမိုတိုးတက် ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

စာရေးသူတို့သည် ဖျာပုံတံတားတည်ဆောက်မှုကို လှော့လာကြည့်ရှုကြသည်။

ဖျာပုံတံတားကို ဖျာပုံမြစ်ပေါ်ဖြတ်၍ ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဆက်သွယ်တည်ဆောက် ထားခြင်းဖြစ်သည်။ ဖျာပုံတံတား၏ ပင်မတံတားမှာ ၁၃၇၂ ပေ ၈လက်မရှိပြီး ချဉ်းကပ်တံတားနှစ်ဖက်နှင့် ဆိုပါက တံတားအရှည်စုစုပေါင်း ၃၉၃၂ပေ ၈လက်မရှိသည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တံတားတစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်မှာ ၂၆၅ ပေနှင့် အမြင့် ၃၆ ပေရှိသည်။

ဆက်လက်၍ စာရေးသူတို့သည် မြောင်းမြခရိုင် ဝါးခယ်မမြို့သို့သွားရောက်၍ ကျွန်းကုန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်း လေ့လာခဲ့သည်။

ကျွန်းကုန်း တံတားကို ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာနှင့် အိမ်မဲမြို့နယ် ကျုံကနီညောင်ဝိုင်းကျေးရွာအကြား ပြန်မလော့မြစ်ကို ဖြတ်၍ တည်ဆောက်သွားမည် ဖြစ်သည်။ ကျွန်းကုန်းတံတားမှာ ဝါးခယ်မ–ကျွန်းကုန်း–မြင်းကဆိပ်–ပုသိမ်လမ်းပေါ်၌ တည်ရှိသည်။ တံတားအရှည်မှာ ပေ ၅၀၀ ခန့်ရှိမည်ဖြစ်သည်။ တံတားအပေါ်ထည်ကို ဘေလီကြိုးတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အကျယ် ၁၄ ပေရှိ တစ်လမ်းမောင်းတံတားဖြစ်ကြောင်း သိရသည်။

ကျွန်းကုန်းတံတား တည်ဆောက်ပြီးစီးပါက ဝါးခယ်မ – ကျွန်းကုန်း – မြင်းကဆိပ်–ပုသိမ်လမ်းအတိုင်း သွားလာနိုင်မည် ဖြစ်ပြီး ခရီးမိုင် ၅၅ မိုင် ၃ဖာလုံသာရှိသဖြင့် ယခင်လမ်းများထက် ခရီးမိုင်တိုကာအချိန်တိုအတွင်း ဒေသတစ်ခုနှင့်တစ်ခုကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ဝါးခယ်မမှ ပုသိမ်သို့ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းသုံး လမ်းရှိသည်။ ယင်းတို့မှာ ၉၂ မိုင် ၁ဖာလုံရှိ ဝါးခယ်မ–ကျုံကနောင်–ကန်ကလေး–ပုသိမ်လမ်း၊ ၈၆မိုင်ရှိ ဝါးခယ်မ–ကျုံကနောင်–အိမ်မဲ–ဒါးက–ပုသိမ်လမ်း၊ ၆၅မိုင် ၇ဖာလုံရှိ ဝါးခယ်မ–ကျွန်းကုန်း–ရွာသစ်–အိမ်မဲ–ဒါးက–ပုသိမ်လမ်း တို့ဖြစ်သည်။

ရေဝတီတိုင်း အတွင်းတွင် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သော တံတားကြီးပေါင်း ၄၀ကျော်တည်ရှိသည်။ နိုင်ငံတော်၏ ဖန်တီးတည်ဆောက်မှုကြောင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်သည်နှင့်အမျှ ရေဝတီတိုင်းသည် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ပုသိမ်–မော်တင်လမ်းကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ သွားရေး၊ လာရေး ပိုမိုလွယ်ကူလာမည်သာမက လမ်းဘေးဝဲယာ တစ်လျှောက်၌ စိုက်ပျိုးမြေသစ်များ ဖြစ်ပေါ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထပ်မံ အထောက်အကူပြုမှာ ဖြစ်သည်။

စိုက်ပျိုးမြေကို အပြည့်အဝအသုံးချ စိုက်ပျိုးခြင်း၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်ခြင်း၊ အထွက်နှုန်းတက်အောင်ကြိုးစားခြင်း၊ အမယ်သစ် (အမည်သစ်) သီးနှံများ တိုးချဲ့ စိုက်ပျိုးခြင်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများတိုးချဲ့ လုပ်ကိုင်ခြင်းတို့ဖြင့် ရေဝတီတိုင်း၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ အားရဖွယ် ဖြစ်သည်။

ရေဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရသည့် အခြေခံအကြောင်းများကိုကြည့်လျှင် ရေ၊ မြေ၊ သယံဇာတ စသည့် အခြေခံအချက်များကြောင့် ဖွံ့ဖြိုးခြင်းဖြစ်သကဲ့သို့ ရပ်ရွာအေးချမ်းသာယာ တည်ငြိမ်ခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာခြင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့်ထူးထူးကဲကဲ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ ယင်းအရှိန်အဟုန်ကောင်း၊ အစဉ်အလာကောင်းကိုဆက်လက်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်သည်ထက်တိုးတက်အောင် ဆက်လက် ကြိုးပမ်းသွားကြဦးမည် ဖြစ်သည်။

ရေဝတီတိုင်းအတွင်း ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးရွာသွန်းမှုအားကောင်း၍ မိုးစပါး၊နွေစပါး စိုက်ပျိုးမှုနှင့် အထွက်နှုန်းများ တိုးတက်လျက်ရှိသည်။ အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးမှုနှင့် သီးနှံအလိုက် အထွက်နှုန်းများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိပါသည်။ အမယ်သစ်(အမည်သစ်)သီးနှံ ကော်ဖီ၊ ငရုတ်ကောင်း၊ ရော်ဘာနှင့်သစ်ဆိမ့်စိုက်ပျိုးမှုများ၊ ခြံစည်းရိုးကြက်ဆူ သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီရန် ကြိုးစား စိုက်ပျိုးလျက်ရှိသည်။ ဒေသဆန်ဖူလုံပိုလျှံမှုနှင့် ငါး၊ ပုစွန်၊ကြက်၊ ဘဲမွေးမြူမှုများကို ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ပိုမိုထွက်ရှိရေးအတွက် ကြိုးစားဆောင်ရွက် လျက်ရှိသည်။ ရေဝတီတိုင်းအတွင်းရှိ လူတစ်ဦးချင်း ဝင်ငွေနှင့် တိုင်း၏ဂျီဒီပီတိုးတက်မှု အခြေအနေများ အားကောင်းလျက်ရှိကြောင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ဝေစည်နေသော ရေဝတီတိုင်းအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စရိတ်နည်းနည်း အမြန်လွှဲ အမြဲမှန်ကန် စီးပွားဘဏ်

မြန်မာ့စီးပွားရေးဘဏ်မှ-

- ငွေလွှဲလက်မှတ်ဖြင့် နိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲပေါင်း ၂၇၅ ဘဏ်နှင့် ဘဏ်ငွေတိုက်ခွဲ ၂၂ ခုသို့လည်းကောင်း၊
- ကြေးနန်းဖြင့် ဘဏ်ခွဲပေါင်း ၂၇၅ ဘဏ်သို့လည်းကောင်း၊
- ဖက်စ်ဖြင့် ရန်ကုန်ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ ဘဏ်ခွဲ(၄)၊ ဘဏ်ခွဲ(၅)၊ ဘဏ်ခွဲ(၆)၊ ငွေစုဘဏ်ခွဲ(၁)၊ ငွေစုဘဏ်ခွဲ(၂)၊ ငွေစုဘဏ်ခွဲ(၃)၊ ငွေစုဘဏ်ခွဲ(၄)၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ မြောက်ဥက္ကလာ၊ စက်မှုလက်မှုငွေချေးဌာန၊ ကမာရွတ်၊ တာမွေ၊ သန်လျင်၊ မန္တလေး ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံ၊ မုံရွာ၊ ကျောက်ဆည်၊ ပျဉ်းမနား၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ရွှေဘို၊ ကောလင်း၊ ကလေး၊ ကသာ၊ ပဲခူး၊ ပြည်၊ တောင်ငူ၊ သာယာဝတီ၊ မကွေး၊ ပခုက္ကူ၊ ချောက်၊ မင်းဘူး၊ မြစ်ကြီးနား၊ ဗန်းမော်၊ တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ ကျောက်မဲ၊ လွိုင်လင်၊ တာချီလိတ်၊ ကလော၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင် မော်လမြိုင်ငွေစုဘဏ်၊ သထုံ၊ စစ်တွေ၊ တောင်ကုတ်၊ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ၊ ဟင်္သာတ၊ မအူပင်၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ ဖလမ်း၊ လပွတ္တာ၊ ရပ်စောက်၊ ကျောက်ပန်းတောင်း၊ ပုလော၊ သဃ်န်းကျွန်း၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ဒဂုံ(တောင်)၊ မြန်အောင်၊ ကြံခင်း၊ ညောင်တုန်း၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ တမူး၊ ကန့်ဘလူ၊ ချောင်းဦး၊ ဝန်းသို၊ မြင်းမူ၊ ဂန့်ဂေါ၊ သရက်၊ အောင်လံ၊ တောင်တွင်းကြီး၊ ဝမ်းတွင်း၊ ရမည်းသင်း၊ မိုးကုတ်၊ မြစ်သား၊ တောင်သာ၊ ညောင်ရွှေ၊ နမ့်စန် (တောင်)၊ မင်းလှ (သာယာဝတီ)၊ တီးတိန်၊ ရေနံချောင်း၊ မိုင်းဖြတ်၊ သီပေါ၊ မြောက်ဦး

M.I.C.B (ရန်ကုန်/မန္တလေး)

စုစုပေါင်း ဘဏ်ခွဲ (၁၀၆) ဘဏ်သို့လည်းကောင်း မြန်ဆန်စွာ ငွေများ လွှဲပို့နိုင်ကြပါပြီ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၈(အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးစိန်လင်း

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ အကွက် (၁၉/က)၊ ဦးပိုင်အမှတ် (၆၅)၊ မြေကွက်အမှတ် (၆၇) ဧရိယာ ဝဒသမ ဝ၈ဝဧကရှိမြေနှင့် မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ် (၁၉/က)၊ ဦးပိုင်အမှတ် (၆၆)၊ မြေကွက်အမှတ် (၆၈) ဧရိယာ ဝဒသမ ဝ၈ဝဧကရှိမြေနှင့် အမှတ်(၁)မြေပေါ်ရှိ အကျယ်(၂၄ x ၂၄)ပေရှိ နှစ်ထပ်တိုက်၊ အမှတ်(၂)မြေပေါ်ရှိ အကျယ်(၃၆x၃၈) ပေရှိ တစ်ထပ်တိုက်၊ ရေချိုးခန်း၊ အဝီစိတွင်း။

လေလံကြမ်းခင်းဈေး - ကျပ်သိန်း ၁၀၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိုးညှင်းခရိုင်တရားရုံးတော်၌
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၅

မြန်မာ့စီးပွားရေးဘဏ် မိုးညှင်းမြို့။ **နှင့်** ၁။ ဦးလှအောင် ၂။ ဒေါ်သောင်းကြည်

တရားနိုင် **တရားရှုံး**

မြစ်ကြီးနားခရိုင်တရားရုံးတော်၌ ၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၂ တွင်ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘက်သို့ ပေးသွင်းရန် ငွေကျပ် ၃၆၀၆၂၁၃ ကျပ် ၇၉ ပြား (ကျပ်သုံးဆယ့်ခြောက်သိန်း ခြောက်ထောင်နှစ်ရာတစ်ဆယ့်သုံးနှင့် ခုနစ်ဆယ့်ကိုးပြားတိတိ)ကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိုးညှင်းခရိုင် ဟိုပင်မြို့ မြသီတာရပ်ကွက် မြေကွက်အမှတ် ၂၈/၁ ဦးပိုင်အမှတ် ၂၈/၁ ၊အိမ်အမှတ် ၁/၈၇(ယခု-၁/၉၂)၊ ဧရိယာ ဝဒသမဝ၇၆၊ ဧက (၇၇ဝဝစတုရန်းပေ)၊ မြေနှင့် မြေကွက်ပေါ်ရှိ ၃x ၃ခန်း၊ နှစ်ထပ် သွပ်မိုးအုတ်ကာ၊ သမံတလင်းခင်း။

လေလံကြမ်းခင်းဈေး
ကျပ်-၁၁၅သိန်း(ကျပ်တစ်ရာတစ်ဆယ့်ငါးသိန်းတိတိ)
လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချနည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်နေ့မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၇ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းအောင်
ခရိုင်တရားသူကြီး
မိုးညှင်းမြို့။

ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ကျွန်မတို့၏ ၁၈-၁၀-၂၀၀၂ သောကြာနေ့ ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော သမီးဖြစ်သူ မနွယ်ဦးတင် ၁၂/ဗတထ (နိုင်) ဝ၃၂၇၄၁ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာ အား ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဦးဖေအောင်တင်
၁၂/ပဘတ(နိုင်)ဝ၁၇၆၇၉
ဒေါ်ဥမ္မာမင်း
၁၂/ဗတထ(နိုင်)ဝ၁၉ဝ၄၄။

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၁၄) အခန်း(၂၄) နေ မိဘနှစ်ပါးအားရည်စူး၍ နန်းနန္ဒာသက်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။
(က-ပ)

ဗုဒ္ဓပူဇနီယပွဲနှင့် ရှင်ပြုပွဲ ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း ဇူလိုင် ၁၆

နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပြည်တော်အေးရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်းနေ သီဟသုဓမ္မမဏိဇောတရေ ဦးအေးလွင်-ဒေါ်ခင်လေး မိသားစုကလှူဒါန်းသော ဗုဒ္ဓပူဇနီယပွဲနှင့် ရှင်အပါး ၂၇၃ ပါး ရှင်ပြုပွဲကို ဇူလိုင် ၉ရက်က ကျောက်ပန်းတောင်းမြို့နယ် စိတ္တပါလဂူကျောင်းစာသင်တိုက်တွင် ကျင်းပသည်။

ကြွရောက်

အခမ်းအနားသို့ သံဃနာယက ဆရာတော်များ အမှူးပြုသော ပင့်သံဃာ ၆၇ ပါး ကြွရောက်တော်မူ၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပင့်သံဃာတော် ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ခွဲဝေလှူဒါန်း

ထို့နောက် အလှူဒါယကာ မိသားစုများက သာသနာရေး၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းပေါင်း ၂၁ ဖွဲ့အား အလှူတော်ငွေကျပ် ၂၉၃၀၀၀ ကို ခွဲဝေလှူဒါန်းကြသည်။

ရေစက်ချ

ဆက်လက်၍ ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်မှ နာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇနိတထံမှ တရားနာယူပြီး ရှင်အပါး ၂၇၃ ပါးနှင့်အတူ ရေစက်ချ အမျှပေးဝေကြသည်။ **(က-ပ)**

ဗိုလ်တထောင်မြို့နယ် မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂၃ရက်ကကျင်းပရာ ပဓာနနာယက ဆရာတော် ဦးကေသရ (မဟာဂန္ထဝါစကပဏ္ဍိတမွှောစရိယ ဒုတိယအကျော်)က ဒုတိယအကြိမ်လှူဒါန်းသော ငွေကျပ်တစ်သိန်းကို ဆရာတော်၏ကိုယ်စား တွဲဖက် အတွင်းရေးမှူး ဦးခင်အောင်ကပေးအပ်ရာ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင် (ငြိမ်း)က လက်ခံယူစဉ်။
(က-ပ)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေမြောင်းများတွင် အမှိုက်များ၊ နုန်းများတူးဖော်ရှင်းလင်းခြင်းကို ဇူလိုင် ၂ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်စဉ်။
(မြို့နယ် စည်ပင်)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်ပေါက် ၁၀၀၀ ကို ဇူလိုင်၅ရက်က ဘုရားကြီးပိုင်းရပ်ကွက် မြို့ပတ်လမ်း ဘေးရှိ ကန်ပေါင်ပေါ်တွင် မြေချ စိုက်ပျိုးကြရာ မြို့နယ်အမှုဆောင် အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(၃၄၇)

လားရှိုးမြို့ ဝင်မှုခ်ဦး၌ အမှိုက်များရှင်းလင်း

လားရှိုး ဇူလိုင် ၁၂

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများ မိုးရာသီကာလ မြို့ဝင်မုခ်ဦးမှ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် အမှိုက်များရှင်းလင်းခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြရာ ဇူလိုင် ၄ ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးဇော်ထွန်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ပေါက်ခေါင်းမြို့နယ် ဝက်ကိုး-မိုးမညိုလမ်း မြေနီဂဝံလမ်းခင်း

ပေါက်ခေါင်း ဇူလိုင် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုဘဏ္ဍာနှစ် ငွေရင်းငွေလုံးဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သည့် ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ဝက်ကိုး-မိုးမညို လမ်း အရှည်ပေ ၄၀၀၀၊ အကျယ် ၁၀ ပေ မြေနီဂဝံခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း(၄)ရက်
၂၈-၇-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဆေးဝါးအမယ်သစ် ထုတ်လုပ်ရေး-ဆေးဖက်ဝင် ကမ္ဘာဦးပင်)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ကျန်းမာရေးနှင့် ညီညွတ်အောင်နေထိုင်ခြင်း)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အမေ့ရဲ့ အမျှဝေသံ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမိတေးပန်းချီ
(၁) ရွှေမိုးညို
(၂) ဆိုးတဲ့မိုး
(၃) မောင့်မိုးလုံးပတ်လည်
၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (YMBA အသင်းအတွင်းစာရင်းစစ်ဦးခင်မောင်သစ်နှင့် ဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မှီရတဲ့မျက်နှာ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အိုခြင်းတရားနှင့် သိပ္ပံအမြင်-ဒုတိယပိုင်း-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (နွဲ့နှောင်းထံတျာ-ကာလပေါ်တူရိယာအဖွဲ့)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တစ်နေ့တော့ မောင်ပြန်လာမယ်
(၂) စမ်းချောင်းလေးဘဝ ခဏဖြစ်ချင်တယ်
(၃) သက်ဆိုင်သူသို့

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Shim Jae-Koo နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Lae Nae Chan တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲအောက်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ စတင်တိုက်ခတ်ခဲ့သော ဘီလစ်ခေါ် အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဖူကျန့် ပြည်နယ်များ၌ ရေကြီးမှု၊ မြေပြိုမှုနှင့် လမ်း၊ တံတားပျက်စီးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကတ်)၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာကင်ဟတ်စုနှင့်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၅ ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကတ်)၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ ကင်ဟတ်စုနှင့်အဖွဲ့အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)